THE ARAKAN INTERNATIONAL

# နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

အမှတ် (၁၆)

မေ လ

၂၀၁၂ ခုနှစ်။

# လှိုင်း




ကေစာ သမား ဂေါင်း ဆောင်တိရေ ဘွင်း ဘွင်းသမားတိ ထက် စာကေ ပိုလို့ အသေး စိပ်တတ်တေ သဘာဝ ဟိပြီး ကေ လက် အောက်ငယ် သား အလုပ်သမား တိ၏ စကားကိုနား ထောင်ရာမှာလည်း • • • • စာ ၃



ယင်းလှိုင်းကြက်ခွပ်ချေက အစ–သာမန် ခရှုကောက် လှိုင်းတိ အလယ် – ဆူနာ မီတိအဆုံးသော ယင်း လှိုင်းအားလုံးရေ သူရှိ့ကိုယ်ပိုင်ရုပ်တည် မှု၊ ဖြစ်တည် မှုနန့် ရုပ်တည်၊ ဖြစ်တည် မနိန်ရေရီပြင်ထက်က ရုပ်ဝတ္ထု• • စာ ၆



လူငယ်၊ကလေချေဒိန် ဆရာ ကြီးကိုကောင်းကေါင်း လေး လေးစားစားပြောကတ်၊ ဆို ကတ်၊ ဆက်ဆံ ကတ်စွာကို တွိ့ရလို့ကောင်းကောင်းဝမ်းသာမိရေ။ ရ ခိုင်လူငယ်တိလူကြီးကိုလူကြီးပိုင်သျောင် သိတတ်၊ မြင်တတ်၊ ပြောတတ်၊ ဆိုတတ် လာစွာကိုတွိရလို့ဖြစ်တေ • • • • စာ ၈




ကိုယ်လုပ်စွာကို အရာ လူတိ သိလားယာလား မသိ’ ဆိုရေ စိုးရိမ်စိတ် က ရက်ပြွတ်ခြောက်လှန့်ခံနိန်ရရေ။ ယေ ခါကိုယ့်စိတ်ထဲမှာ မလုံမလဲ ဖြစ်လာရေ။ လိပ်ပြာမသန့်လို့လည်း ပြောကတ်တေ။ ယေဖူးနန့် လူကွယ်ရာမှာ • • • • စာ ၁၂









ကုန်ခရေအပါတ်က အကျွန်ရို့မိသားစု ကမ်းခြီတခုသို့ အပမ်းဖြီထွက်ခီကတ်ပါရေ။ သုံးရက်လောက် မပြည့်တတ်၊ ပြည့်တတ်ခရီးစဉ်ကာလ၏ တခုသောမိုးထပိုင်းမှာ စိတ်ပေါက်လာပြီးကေ ကမ်းခြီမှာ ဓါတ်ပုံတချို့ ရိုက်ဖြစ်ခပါရေ။ တခါတလီ အာကာမှာပျံဝဲနိန်ရေ ပင်လယ်ဇင်ယော်ငှက်တိ၏ပုံ။ တခါတလီ အဆုံးအစပင် ဟိလီဖို့လားလို့ ထင်မှတ်မှားစရာ အပြောကျယ်လွန်းရေ ရီပြင်ကြီး၏ပုံ။ တခါတလီမှာ ရီထဲကနိန် တလိမ့်လိမ့် တက်လာနိန်ရေ ရီလှိုင်းတိ၏ အပါး၊ အဝီး၊ အကြီး၊ အငယ်၊ အပြင်း၊ အပျော့ စသည်ဖြင့် ရီလှိုင်းဓါတ်ပုံ လေး–ငါး–ခြောက်ပုံ မက ရိုက်ဖြစ်လားပါရေ။ ယင်းရီလှိုင်းတိကို စိတ်ဝင်တစား ဓါတ်ပုံရိုက်နိန်တုန်းမှာ အကျွန်ရို့ ဇတန်း–၁၀တန်း ကျောင်းသားဘဝက နားထောင်ခဖူးရေ မလတ်၏ ‘လှိုင်းလုံးချေ’ သီခြင်းကိုလားလို့အတွက် ပေါ်မိပြန်ပါရေ။ “အို—လှိုင်းချေ–အဝီးသို့လေ—ပြန်မလားခင်ပြောလိုက်မေ—စကားလက်ဆောင်ချေပါးချင်ရေ

စာမျက်နှာ (၆) သို့

**ကျွန်းတွင်ဇမ္ဗူ**

**လူတွင်ရခိုင်**

**ကြိုင်ဘိသတင်း**

**ကင်းဘိအပြစ်**

**ချစ်သည့်အမျိုး**

**ကြိုးသည့်လုံ့လ**

**မြတ်စာဂ နှင့်**

**နှစ်ဝနတ်လူ**

**ချစ်ကြည်ဖြူသည်**

**နိဗ္ဗူဆုတောင်းပြည့်အံ့တည်း။**

***(သျှင်မဟာသီလဝံသ)***



"On the Internet, nobody knows you're a dog."

**" On the Internet, nobody knows you're a dog."**

**(The New Yorker)**

***"အိန်တာနက်ထဲမှာ မင်းရေ ခွီးတကောင် ဆိုစွာကို တယောက်ချေလည်း မသိဝေး"***

***(နယူးယော်ကာ မဂ္ဂဇိန်း)***

# အေဒီတာ့စကား

ရခိုင်ရိုးရာပြက္ခဒိန်အရ နှစ်သစ်ကူးလ ဖြစ်တေ ပေရယ်လ လကုန်ပိုင်းမှာ နိုင်ငံတကာရေးရာ ရက္ခိုင်သတင်းစဉ်၏ အိန်တာနက်စာမျက်နှာကို ကြက်သရေ မင်္ဂလာဟိဟိ လွှင့်တင်လိုက်ပါရေ။ ယင်းမှာ အတွိအကြုံ က ဇာရရေလဲ ဆိုကေ ဝက်ဘ်ဆိုဒ်တခုလုပ်စွာရေ ငှက်ချေတကောင်ကိုဖမ်းသျှောင်ပိုင်ပါ။

ငှက်ချေတကောင်ကိုရချင်လို့ လိုက်ဖမ်းရေခါ ဇာလောက်မကြိုးစားရလိုက်ပါ။ ငှက်ချေတကောင် လက်ထဲသို့ ရောက်လာပါရေ။ အဓိကလုပ်စရာတိက ငှက်ကိုဖမ်းလို့ ရပြီးခါမှပေါ်လာစွာပါ။ ကိုယ့်လက်ထဲမှာ သူ့ကိုဆက်လက်ရှင်သန်စီဖို့အတွက် အစာကျွေးရရေ။ ရီတိုက်ရရေ။ ချီးကျုံးရရေ။ ဘဇော်ဆိုကေပိုလို့နိန်သာထိုင်သာဖြစ်ဖို့လဲ ဆိုစွာတိကို စဉ်းစား၊ နည်းလမ်းရှာရရေ။ ထိုက်သင့်ရေအလင်းရောင်ရဖို့၊ လီကောင်းလီသန့်ရဖို့၊ ညှော်နံ့မနံစီဖို့၊ မြှီကိုက်မခံရစီဖို့ နိန်ရာထိုင်ခင်းတိ လုပ်ပီးရရေ၊ လိုအပ်တေကာကွယ်မှုတိ၊ ပျင်ဆင်မှုတိ လုပ်ရရေ။ ကိုယ့်လက်ထဲမှာ သက်တောင့်သက်သာ၊ ကျန်းကျန်းမာမာနန့် ရှင်သန်ရပ်တည်နိန်နိုင်အောင် ဖက်ပေါင်းစုံက စဉ်းစား၊ လုပ်ဆောင်ပီးရပါရေ။

ဝက်ဘ်ဆိုဒ်စာမျက်နှာတခုကို ဖန်တီးရစွာလည်း ယင်းနည်းနှင်နှင်ပါထော။ ဖန်တီးစွာက လွယ်ပါရေ။ ကွန်ပျူတာ ခလိ(ခ်)ချေတချက်အနှိပ်မှာ အိန်တာနက်စာမျက်နှာသစ်တခုကို ဖန်တီးပြီးသားဖြစ်လားပါယာ။ စာမျက်နှာဖြစ်ပြီးခါမှ ပြဿနာကစ စွာပါ။ ယင်းစာမျက်နှာ၏ နာမည်တိ၊ ဒီဇိုင်းတိ၊ အခန်းခွဲတိ၊ အရောင်အဆင်းတိ၊ အစဟိသည်ဖြင့်။ စတင်ဖန်တီးယူစရာတိအများကြီးနန့်ပါ။ ယင်းစာမျက်နှာတိမှာ ဇာတိကိုရီးဖို့လဲ။ ဇာသျှောင်မျိုးတိကို ပရိတ်သတ်သို့တင်ပြဖို့လဲ။ အသံဖိုင်တိ၊ ဗီဒီယိုဖိုင်တိ။ ဘဇော်ခရီးဆက်ဖို့လဲ။ ဘဇော်အာ့ပ်ဒိတ်လုပ်ဖို့လဲ။ ယင်းသတင်းအချက်အလက်တိကို ဖတ်လို့၊ ကြည့်လို့၊ နားထောင်လို့ ပရိတ်သတ်အနိန်နန့် ဇာတိရဖို့လဲ။ အားလုံးစဉ်းစားရရေ။ လုပ်ယူရရေ။ ပြန်ပျင်ရရေ။ အများကြီးပါ။ ကယောင်းကို အများကြီးပါ။ ယင်းယှုပ်ထွီးမှုတိ၊ လုပ်စရာ၊ ကိုင်စရာတိနန့် အကျွန်ရို့ပျော်တတ်ပါရေ။ ကိုယ့်ညီအစ်ကိုမောင်နှမတိကို ရယ်သွမ်းသွီးယက်ပင်း တရင်းတနှီး ပြောပြလိုက်စွာပါ။

ဝက်ဘ်ဆိုဒ်နာမည်ကို www.theai.com ဆိုပြီးကေ မှတ်ပုံတင်ဖို့ကြိုးစားပါရေ။ မရပါ။ တယောက်ယောက်က ယင်းနာမည်ကိုသုံးလားပြီးပါယာ။ ဆိုရေခါ ယင်းရှိနားက to တလုံး ထည့်ထည့်ပနာ www.totheai.com ဆိုပြီးကေလုပ်ပြန်ပါရေ။ အကျွန့်ညီအစ်ကိုတိ၊ သူငယ်ချင်းတိက ဝေဖန်ကတ်ပြန်ပါရေ။ Arakan ဆိုရေ နာမည်မပါလို့ ဆိုဆိုပနာ။ အေဂုနောက်ဆုံးမှာတော့ကေ အကျွန်ရို့ထုတ်ဝီနိန်ရေစာစောင်၏နာမည်အရင်းကိုအခြီပြုပနာ www.arakaninternational.com ဆိုပြီးကေအတည်ပြုလိုက်ပါရေ။ ယင်းသျှောင်မျိုး ဒိုမိန်းနာမည်ပြောင်းလိုက်တေအတွက် ဖေသာထပ်လို့ကုန်ကျပြန်ပါရေ။

ဘဇော်ပင်ဆိုစီ အေဂုဆိုကေ ရခိုင်စာပီ အခြီပြုထားရေ ရခိုင်အိန်တာနက်စာမျက်နှာတခုတိုးပါလတ်ယာဖြစ်ပါရေ။ အားလုံးအတွက် ဝမ်းသာစရာ၊ ဂုဏ်ယူစရာ ဖြစ်လာလိမ့်မေလို့မျှော်လင့်ပါရေ။ နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်၏အိန်တာနက် စာမျက်နှာတိကိုအတတ်နိုင်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ပြုပျင်လားဖို့၊ ပျင်ဆင်လားဖို့ဖြစ်ပါရေ။ ဝက်ဘ်ဆိုဒ်လုပ်တေနည်းပညာတိ၊ ခေတ်မှီကိရိယာတန်ဆာဗလာတိကို အေဂုမှစလို့လေ့လာလားရဖို့ဖြစ်တေအတွက် မပြည့်မစုံ၊ မလှမပဖြစ်နိန်ဖို့အပိုင်းချေတိကို နားလည်ပီးဖို့၊ စောင့်ကြည့်ဖို့နန့်လာရောက်လည်ပတ်၊ အားပီးလားကတ်ဖို့ ရက္ခိုင်ညီအစ်ကို၊ မောင်နှမအပေါင်းအား ခင်ခင်မင်မင်၊ လေးလေးစားစား ဖိတ်မဏ္ဍကပြုလိုက်ပါရစီ။ လိုအပ်စွာတိ၊ ထည့်ဖြည့်စရာတိ၊ ဖြုတ်ထုတ်စရာတိမြင်ကေ၊ တွိ့ကေလည်းအားမနာတမ်းဝေဖန်၊ အကြံပီးလားကတ်ဖို့ တရင်းတနှီး ပြောလိုက်ပါရစီ။

ခင်မင်မှုဖြင့်

ဦးသိန်းမောင်



**ရက္ခိုင်ပြည်၏ အနာဂါတ်သည် ရက္ခိုင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးရို့၏ လက်ထဲတွင်ဟိသည်။**

# ကေစာသမားများနှင့်ဘွင်းဘွင်းပျော်ပျော်များ (၄)




မောင်သာပေါ် (ရမ်းဗြဲ)

**ဒေ အခန်းဆက်ဆောင်းပါး အပိုင်း(၁) တွင် ‘ကေစာသမား’ နှင့် ‘ဘွင်းဘွင်းပျော်ပျော်သမား’ များ၏ ယေဘုယျအဓိပ္ပါယ်ဖွင့်ဆိုချက် သဖေါတရားများကိုလည်းကောင်း၊ ဆောင်းပါးအပိုင်း (၂) တွင် တိုင်းသိပြည်သိ၊ ကမ္ဘာ့သိပုဂ္ဂိုလ်များအနိန်ဖြင့် ထိုနှစ်မျိုးလုံးထဲ၌ မည်သို့ပါဝင်နိန်ကတ်ပုံအားလည်းကောင်း၊ အပိုင်း (၃) ၌ အတွင်းသမားနှင့် အပြင်သမားနှစ်မျိုးလုံးရို့၏ အဆိုးအကောင်းသဘာဝများနှင့် ဗီဇဆိုင်ရာ သုတေသနပြုလုပ်တွိဟိချက်များကိုလည်းကောင်း တင်ပြခပါသည်။ အေဂု ဆောင်းပါး၏နောက်ဆုံးပိုင်း၊ အပိုင်း (၄) ၌မူ ခေတ်သစ်လုပ်ငန်းခွင်စနစ်များ အပြောင်းအလဲနှင့်လူသားရို့၏ စဉ်းစားတွေးခေါ်မှုပုံစံ ဆက်စပ်မှုအပါအဝင် အကျွန်ရို့တိကိုယ့်ကိုကိုယ် ‘ကေစာ’ နန့် ‘ဘွင်းဘွင်းပျော်ပျော်’ ထဲမှာ ဇာအမျိုးအစားထဲကလဲ ဆိုစွာကို သုံးသပ်ကြည့်ဖို့ ဆန်းစစ်မိန်းခွန်းချေတိနန့် အဆုံးသတ်လိုက်ပါယင့်။**

ပါမောက္ခ အဲရိဆိန် နန့် လုပ်ဖေါ်ကိုင်ဖက်တိ၏ နောက်ပိုင်းတွိဟိချက်တိအရ ကမ္ဘာ့အထင်ကရ ချက်စ် chess မာစတာတိ၊ အားကစားသမားတိက နိန် သာမန်ကောလိပ်ကျောင်းသားချေတိအထိ အားလုံးထဲမှာ ကေစာသမားတိရေ တယောက်တည်း ပိုင်းပိုင်းဖြတ်ဖြတ် အလုပ်လုပ်တေခါ အလုပ်ပိုမိုတွင်ကျယ်တတ်ကြောင်းကိုလည်း တွိဟိရရေလို့ဆိုပါရေ။ သို့သော်ပြဿနာတခုက ဇာလဲဆိုကေ ခေတ်၊ စနစ်အခြေအနေက အကျွန်ရို့ ကို တယောက်တည်း အနိန်အထားတိထက် လူများများနန့် အုပ်စုလိုက် လုပ်ကိုင်ဆောင်ရွက်ဖို့ အခြေအနေထဲကို အလိုလို ပို့ပီးလိုက်ပြီးသား ဖြစ်နိန်ပါရေ။ ယင်းချင့်ရေ လူမှုမီဒီယာ (social media) တိ၊ အီးမေးလ်တိ၊ ဖုန်းတိ အစဟိရေ လူမှုဆက်သွယ်ရေး ကိရိယာတိကြောင့် တင်မက လုပ်ငန်းခွင်ဆိုင်ရာ ပထဝီ အနိန်အထား အပြောင်းအလဲကပါ ယင်းပိုင်အုပ်စုလိုက်၊ ပြွက်ပြွက်သိပ်သိပ်ပုံစံထဲကို သွင်းပီးလိုက်စွာ လို့ သုံးသပ်ကတ်ပါရေ။

ခုနစ်ဆယ် (၇၀) ရာနှုန်းသော အမေရိကန်လုပ်ငန်းခွင်တိထဲက အလုပ်သမားတိရေ တယောက်နန့်တယောက်ကြားမှာ လုံးဝ ကွာခြား မနိန်ယာ (သို့မဟုတ်) တဖဲ့ချေရာ ကွာခြားနိန်ယာ လို့ဆိုပါရေ။ ၁၉၇၀ ခုနှစ်တိမှာ လူတယောက်အတွက် ပေ ၅၀၀ စတုရန်းပေ (၄၆ စတုရန်းမီတာ) အကျယ်အဝန်းဟိခရေ လုပ်ငန်းခွင်သဘာဝရေ အေဂုအခါ ၂၀၀ စတုရန်းပေ (၁၉ စတုရန်းမီတာ) ရာ ဟိပါယာလုတ်။ ‘ကေစာ’ ဗီဇသဘာဝဟိရေ လူတယောက်အတွက် ယင်းသျှောင်မျိုးလုပ်ငန်းခွင်တိရေ သူ၏ ဖန်တီးနိုင်စွမ်းရည်ကို လျော့ကျလာစီရေလို့ ဆိုပါရေ။ အမှန်မှာ ကေစာတိတောင်မက ယင်းပိုင်မျိုး အားလုံးနန့် တပူးတွဲတွဲ နိန်ဗျာယ် အဆုံးမသတ်နိုင်ရေ အစည်းအဝေးတိ၊ အသည်းအသန် စဉ်းစားမှုပြုကတ်ရရေ ဘရိန်းစထွင်းမ်တိနန့် နိတစူဝ ကျင်ကိုင်နိန်ရရေ လူတိအားလုံးရေ ယင်း၏အကျိုးဆက်ဒဏ်ကို ပြန်ခံကတ်ရစွာပါ။

သို့သော် ကေစာသမား ဂေါင်းဆောင်ပိုင်းတိ၊ စီမံခန့်ခွဲရေးသမားတိ အနိန်နန့် ယင်းအခြေအနေအပေါ် ဘဇောင်ပိုင်ကိုင်တွယ်ရဖို့ ဆိုစွာကို ကောင်းကောင်းသိတတ်ကတ်တေလို့ ဆိုပါရေ။ အေနိခေတ်ကမ္ဘာ့စီးပွါးရေးလောကထဲက ထိပ်တန်းပုဂ္ဂိုလ်တိ၏ ၄၀ ရာနှုန်းလောက်စွာ ကေစာသမားတိပါ။ ယင်းရို့အထဲမှာ မိုက်ခရိုဆော့ဖ်ကုမ္ပဏီ အကြီးအကဲ ဘီလ်ဂိတ် (Bill Gate)၊ ရင်းနှီးမြှုပ်နှံရေးဘီလျံနာကြီး ချားလ်ဆဝ့်ဘ် (Charles Schwab) နန့် ဂိုးဂေးလ်အလုပ်အမှုဆောင်အရာဟိချုပ် (စီအီးအို) လေရီဖေးချ် (Larry Page) ရို့အပါအဝင်ဖြစ်ကတ်ပါရေ။ “ကေစာသမား ဂေါင်းဆောင်တိရေ ဘွင်းဘွင်းသမားတိထက်စာကေ ပိုလို့အသေးစိပ်တတ်တေသဘာဝဟိပြီးကေ လက်အောက်ငယ်သား အလုပ်သမားတိ၏ စကားကိုနားထောင်ရာမှာလည်း ဂရုတစိုက် ဟိတတ်ကတ်ပါရေ” လို့ ‘ကေစာသမားဂေါင်းဆောင်’ (The Introverted Leader) စာအုပ်ကို ရီးသားသူ ဂျေနီဖာခန်ဝိုင်လာ (Jennifer Kahnweiler) က ပြောပါယင့်။

လေ့လာဆန်းစစ်မှုတိအရ ဘွင်းဘွင်းပျော်ပျော်သမား ဂေါင်းဆောင်တိရေ အထက်ကအမိန့်ကို အလွယ်တကူနန့် တသွီမတိမ်း လိုက်နာလုပ်ကိုင်တတ်တေ လက်အောက်ငယ်သားတိနန့် ပိုမိုအလုပ်ဖြစ်တတ်ပြီးကေ၊ လက်အောက်ငယ်သား အလုပ်သမားတိကို လွတ်လပ်မှုနန့်

***ကေစာသမား မှ***

အတူ ပိုမိုအခွင့်အရေးပီးပနာ အလုပ်လုပ်တတ်တေဖက်မှာတော့ကေ ကေစာသမားဂေါင်းဆောင်တိက ပိုလို့ကောင်းကောင်းမွန်မွန် လုပ်တတ်၊ ကိုင်တတ်တေ ကိုယ်နိန်သဘာဝ၊ စိတ်နိန်သဘာဝ တိဟိတတ်တေလို့ ဆိုပါရေ။

**အကျွန်ရှိ့ လူ့အဖွဲ့အစည်းဝင်တိ အားလုံး အကြောက်တရားလည်း မလွန်၊ အရှက်တရားလည်းမကျူး၊ မြွပနာလည်း လူး မနိန်တတ်ပဲ၊ သင့်တင့်လျှောက်ပတ်စွာ နန့် အံ့ဝင် ဂွင်ကျ လုပ်ကိုင်ပြုမူပနာ ဟန်ကျ ပန်ကျ ဘဝလှ တိကို တည်ဆောက်နိုင်ကတ်ပါစီ ကြောင်း ဆုမွန်ကောင်းတောင်း ယက်ပင်း . . . . . . .**

အမှန်မှာ အမေရိကန်တိကို အေဂုအခါ ကေစာသမားဖြစ်သူ သမ္မတတယောက်က အုပ်ချုပ်နိန်စွာပါ။ ဘာရာ့အိုဘားမားရေ မရှက်တတ်ပါ။ မရှက်တတ်မှုရာ ရွီးကောက်ပွဲတိမှာအောင်မြင်၊ အနိုင်ရဖို့ ပိုလို့သေချာပါရေလှတ်။ ယေကေလည်း တွေးတော၊ စဉ်းစားပနာ စာရီးကောင်းသူတယောက်လည်းဖြစ်တေ ယင်းသမ္မတရေ ကေစာသမား တယောက်ပါ။ ထိုင်းမ် Time မဂ္ဂဇိန်းက ဖာရီးဒ်ဇကာရီးယား နန့် မကြာခင်က ပြုလုပ်ခရေ အိန်တာဗျူးတခုမှာ အကန့်အသတ်နန့်ရရေ သူ့ကိုယ်ပိုင်အချိန်ချေတိကို ဝါသျှိန်တန်က ပါတီပွဲတိ တက်နိန်ဖို့အစား သူ့မိသားစုနန့်အတူ အီးအီးလူလူနိန်ဖို့ ပိုမိုလိုလားကြောင်း အိုဘားမား က ဆိုပါရေ။ အမှန်မှာ သူ့ရှိနားက အိမ်ဖြူတော်မှာ နိန်ထိုင်လားကတ်တေ ဂျော့ချ်ဒဗလျူဘုချ် နန့် ဘီလ်ခလိန်တန်ရို့ နှစ်ယောက်လုံးရေ ဘွင်းဘွင်းပျော်ပျော်ကြီးတိပါ။

ဂျော့ချ်ဒဗလျူဘုချ် က အပေါင်းအသင်းတိနန့်မှ ပိုလို့ပျော်ပျော်ပါးပါးနိန်တတ်ထိုင်တတ်ပြီးကေ ဘီလ်ခလိန်တန်က တော့ကေ လူအုပ်ကြီးနန့်ပိုလို့ပနံရတတ်တေပုဂ္ဂိုလ်ပါ။ ယင်းဘွင်းဘွင်းပျော်ပျော်ကြီးတိရေ ရွီးကောက်ပွဲမဲဆွယ်စဉ်ကာလမှာ အဆင်ပြေတတ်ကေလည်း လက်တွိအုပ်ချုပ်မှုပိုင်းမှာမလွယ်ကူမှုတိဟိတတ်ပါရေ။ ယင်းနှစ်ယောက်မှာ တယောက်က ရုံးတွင်းဖေါက်ပြန်မှု၊ အရာတယောက်က အီရတ်မှာ ပြဿနာတိတက်လားကတ်ပါရေမလား။ အိုဘားမားကတော့ကေ အပြုအမူတခုခု မပြုလုပ်ခင် သေသေချာချာ ပိုမိုစဉ်းစားတတ်တေပုဂ္ဂိုလ်လို့ ဆိုပါရေ။ အိုဘားမားတက်ခရေ ဟားဗာ့တက္ကသိုလ်က စိတ်ပညာဆိုင်ရာ သုတေသန ပါမောက္ခ ဘရိုင်ယန်လိထဲလ် (Brian Little) က မှတ်ချက်ပီးရာမှာ “အိုဘားမားရေ အကယောင်းကို ကေစာသမားတယောက်ပါ၊ လူမှုရေးလုပ်ငန်းစဉ်တိအပြီးမှာ တယောက်တည်းနိန်ဖို့ကို ချောင်းနိန်တတ်တေ၊ တခါတလီ အိမ်သာထဲမှာလားလို့ ပုန်းချင် ပုန်းနိန်တတ်သူပါ” လို့ ဆိုပါယင့်။

ကောင်းပါယာ။ ကေစာသမားတိနန့် ဘွင်းဘွင်းပျော်ပျော်ပုဂ္ဂိုလ်တိအကြောင်း၊ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြုမူချက်တိ၊ တုန့်ပြန်ပုံတိကို ဆောင်းပါးအပိုင်းလေးပိုင်းခွဲပနာ တင်ပြခပါရေ။ ဘဇောင်ပင်ဆိုစီ အယင်အပိုင်းတိမှာ တင်ပြဖူးခရေပိုင်ပါ အကျွန်ရှိ့၏ ဝသီ နန့် လက်တွိ အခြေအနေတိကြားမှာ အကျွန်ရှိ့အားလုံးရေ သင့်တင့်လျှောက်ပတ်တေပိုင် လှုပ်သျှားပြုမူ၊ တုန့်ပြန်မှုတိကို လုပ်ဆောင်လားတတ်ကတ်ရစွာရာ မဟုတ်ပါလား။

အကျွန်ရှိ့လူ့အဖွဲ့အစည်းဝင်တိအားလုံး အကြောက်တရားလည်းမလွန်၊ အရှက်တရားလည်းမကျူး၊ မြွပနာလည်း လူးမနိန်တတ်ပဲ၊ သင့်တင့်လျှောက်ပတ်စွာနန့် အံ့ဝင်ဂွင်ကျ လုပ်ကိုင်ပြုမူပနာ ဟန်ကျ၊ ပန်ကျ ဘဝလှတိကို တည်ဆောက်နိူင်ကတ်ပါစီကြောင်း ဆုမွန်ကောင်းတောင်းယက်ပင်း အဆွီစာဖတ်သူရေ ကေစာသမားလား၊ ဘွင်းဘွင်းပျော်ပျော်သမား တယောက်လား ဆိုစွာကို အပျော်သဖေါပင်ဖြစ်ဖြစ် အောက်က မိန်းခွန်း နှစ်ဆယ် (၂၀) ကို ကိုယ့်ကိုကိုယ် ဆန်းစစ်ကြည့်ရေသဖေါနန့် ဖြေကြည့်ကတ်ဖို့ပါ။ ပြောခဖူးရေပိုင်ပင်–ကေစာပင်ဖြစ်ဖြစ်၊ ဘွင်းပျော်ကြီးပင်ဖြစ်ဖြစ် ပုံသီ၊ မူသီ စံနူန်းတရပ်တိတိကျကျဟိမနိန်ကြောင်း၊ ဟိလို့လည်း မရကြောင်းကို သတိထားကတ်ဖို့ပါ။ ဒေမိန်းခွန်းတိကိုဖြေဆိုရေခါ **“ဟုတ်ပါရေ”** အဖြေများကေ အဆွီရေ **‘ကေစာ’** ဖက်သို့ ယိုင်ပြီးကေ **“မဟုတ်ပါ”** အဖြေများကေတော့ခါ **‘ဘွင်းဘွင်းပျော်ပျော်’** ဖက်သို့ လိုက်တေ လို့ ယေဘူယျအားဖြင့် မှတ်ချက်ချရဖို့ပင်ဖြစ်ပါကြောင်း တင်ပြလိုက်ပါယင့်။

ကိုင် ယေကေ ဆန်းစစ်မိန်းခွန်းတိကို ဖြေကြည့်ကတ်ပါမေ။

| | ဟုတ် | မဟုတ် |
|---|---|---|
| ၁။ အုပ်စုလိုက်တိထက်စာကေ (တစုံတဦးနန့်) နှစ်ယောက်ချင်း စကားစမြည်ပြောရစွာ ကို ပို ကြိုက်ပါရေ။ | ❍ | ❍ |
| ၂။ ကိုယ့်ကိုကိုယ် ဖေါ်ပြမှုပုံစံ (ဥပမာ အကျွန် --) နန့် ပိုမိုစာရီးသားတတ်ပါရေ။ | ❍ | ❍ |
| ၃။ တယောက်တည်းနိန်ရစွာကို ပိုနှစ်သက်တေ။ | ❍ | ❍ |
| ၄။ အကျွန့်သူငယ်ချင်းတိထက် စာကေ ချမ်းသာမှု၊ ကျော်ဇောမှု နန့် ဂုဏ်အဆင့်အတန်းတိကို အကျွန်ယင်းလောက်ထိ ဂရုမစိုက်တတ်ပါ။ | ❍ | ❍ |
| ၅။ အရေးမပါရေ စကားစမြည်ပြောနိန်ရ စွာမျိုးတိကို မကြိုက်တတ်ပါ။ ယေကေလည်း အကျွန်နန့်ပါက်သက်လို့ ထဲထဲဝင်ဝင်ဆွေးနွေးစွာမျိုးတိကိုတေ့ကေ သဖေါကျတတ်ပါရေ။ | ❍ | ❍ |
| ၆။ လူတိကပြောကတ်တေ – အကျွန်ရေ ဂရုတစိုက်နားထောင်တတ်တေ လူပါလှတ်။ | ❍ | ❍ |
| ၇။ ကြီးမားရေစွန့်စွားမှုတိကို အကျွန်မလုပ်ပါ။ | ❍ | ❍ |
| ၈။ အနှောက်အယှက်တိ၊ တန့်နိန်ရစွာတိနည်းပြီးကေ တောက်လျှောက် ဆက်လုပ်နိုင်ရေ အလုပ်မျိုးကို ပိုကြိုက်တတ်ပါရေ။ | ❍ | ❍ |
| ၉။ အကျွန့်မွီးနိအခမ်းအနားတိကို ရင်းနှီးရေ သူငယ်ချင်းတယောက်၊ နှစ်ယောက်လောက်နန့် (သို့မဟုတ်) အကျွန့်မိသားစုဝင်တိလောက်နန့်လုပ်ရစွာကို အကျွန်ပိုလို့နှစ်သက်ပါရေ။ | ❍ | ❍ |
| ၁၀။ အကျွန်ရေ စကားကိုညှင်ညှင်သာသာ၊ ချိုချိုလွင်လွင်ပြောတတ်သူ လို့ လူတိက ပြောကတ်ပါရေ။ | ❍ | ❍ |
| ၁၁။ အကျွန့်အလုပ်တခုမပြီးစီးခင်မှာ တခြားလူတိကိုမသိစီချင်ပါ။ | ❍ | ❍ |
| ၁၂။ အငြင်းအခုံတိကို အကျွန်မကြိုက်ပါ။ | ❍ | ❍ |
| ၁၃။ ကိုယ့်စွာကိုယ် တယောက်တည်း လုပ်တေ အခါမျိုးမှာ အလုပ်လုပ်လို့အကောင်းဆုံးပါဗျာယ်။ | ❍ | ❍ |
| ၁၄။ စကား မပြောခင်မှာ စဉ်းစားတတ်တေ သဖေါချေတိ အကျွန့်မှာ ဟိပါရေ။ | ❍ | ❍ |
| ၁၅။ ဟိုလား၊ အေလား လားပနာ ပြန်ပါ လတ်ကေ လားနိန်တုန်းမှာပျော်သည့်တိုင် အိမ်ပြန်ရောက်ကေ ပင်ပမ်းနိန်တတ်ပါရေ။ | ❍ | ❍ |
| ၁၆။ ဖုန်းခေါ်စွာတိကို မကိုင်ပဲ မက်ဆေ့ချ်ထားခိုင်းစွာမျိုးတိကို အကျွန်ရက်ပြတ် လုပ်တတ်ပါရေ။ | ❍ | ❍ |
| ၁၇။ စနီ၊ တနင်္ဂနီ နိတိမှာ တခုချေလည်း လုပ်စရာမဟိ(သို့မဟုတ်)လုပ်စရာအများကြီးဟိရေ’ ဆိုရေ အခြေအနေနှစ်မျိုးထဲက တခုကိုရွီးလို့ဆိုကေလုပ်စွာတခုလည်းမဟိစွာကိုအကျွန်ကြိုက်ပါရေ။ | ❍ | ❍ |
| ၁၈။ အလုပ်အများကြီးတပြိုင်တည်း လုပ်နိန်ရစွာမျိုးကို အကျွန် မကြိုက်ပါ။ | ❍ | ❍ |
| ၁၉။ အာရုံစူးစိုက်မှုမှာ အကျွန် လွယ်ကူတတ်ပါရေ။ | ❍ | ❍ |
| ၂၀။ စာသင်ခန်းတိထဲမှာ သင်ခန်းစာပို့ချစွာတိ၊ တွိဆုံဆွေးနွေးပွဲ (ဆေမနာ) တက်ရစွာတိကို အကျွန် ကြိုက်ပါရေ။ | ❍ | ❍ |

အားလုံးကျကျန်းမမာ၊ ချချမ်းသသာ ဟိကတ်ပါစီ။

ခင်မင်လေးစားလျှက်

မောင်သာပေါ် (ရမ်းဗြဲ)

◆ ◆ ◆ ◆ ◆ ◆ ◆




*ကာဓော (မယူကမ်း)*

––ဟိုအဝီးကချစ်မိတ်ဆွေ—ပညာပြည့်စုံတတ်ခကေ––သာစွလေငါရို့ ရပ်မြီ—ပြန်လာဖို့ပြောပီးလိုက်ပါဝေ” လို့ မလတ်၏ ချိုမြရေအသံချေကိုလည်း ကြားယောင်မိဗျာယ် တယောက်တည်း ပြုံးဖြစ်ခပါသိရေ။ “ပညာပြည့်စုံစွာ၊ မပြည့်စုံစွာကို အသာချေထား၊ သာစွ၌ါနီ၊ ရက္ခိုင်မြီကို ဇာခါပင်တခေါက် အလည်ရောက်ဖြစ်လီဖို့ဗျာယ်လေဂု” ဆိုပြီးကေ ကိုယ့်ကိုကိုယ်မသိမသာ စဉ်းစားဖြစ်ပြန်ပါရေ။ အော်—ကိုယ့်ဘားကထွက်လာစွာ နှစ်ပေါင်းနှစ်ဆယ်ကျော်လားဗျာ––။ ကမ်းစပ်တိဆင်းပနာ နမော်နမဲ့ ဓါတ်ပုံတိရိုက်နိန်မိရေအတွက် လှိုင်းလုံးတလုံးက အကျွန့်ခြီဖမိုးပိုင်းကိုကျော်တက်လားခါမှ သတိပြန်ဝင်ပနာ ကမ်းထက်သို့ ပြန်တက်လာမိပါရေ။ ကျောက်တုံးချေတိထက်က တက်ပနာ ပုံနှစ်ပုံ–သုံးပုံလောက် ထပ်ရိုက်ပြန်ပါရေ။

● ● ● ● ● ●

> ပြင်ပတွန်းအားတစုံတရာကြောင့်
> အားလုံးပျော်ပျော်ပါးပါး၊ ညီညီညာညာ၊
> တလုံးထက်မှာတလုံးတက်ဗျာယ်၊
> တလုံးနောက်မှာတလုံးလာဗျာယ် တလိမ့်လိမ့်၊
> တအိအိ ခရီးဆက်နိန်ကတ်စွာပါ၊ ဇာအနားက
> ဇာလှိုင်းလုံးရေ အစဆုံးလှိုင်းလုံးလဲ–
> ဇာလှိုင်းလုံးရေ ဂေါင်းဆောင်လဲ–
> ဇာလှိုင်းတိက နောက်လိုက်လဲ ဆိုစွာကိုခွဲခြမ်း၊
> စိတ်ဖြာဖို့ တခုပိုင်လည်း

● ● ● ● ● ●

ယင်းပိုင်နန့်ပင် လှိုင်းတိကို ကြည့်နိန်ယက်ပင်း၊ မလတ်၏သီခြင်းကိုကြားယောင်မိနိန်ယက်ပင်း၊ ကိုယ့်ဘားသို့ လွမ်းစိတ်ဝင်နိန်ယက်ပင်း–ယင်းရီလှိုင်းတိနန့်ပက်သက်တေ အမှန်တရားအချို့ကို လားလို့စဉ်းစားနိန်မိပြန်ပါရေ။

ကြည့်ပါတချက်။

လှိုင်းဆိုစွာ–

(၁) **သူကိုယ်တိုင်ဖြစ်တည်နိန်ရေ အရာမဟုတ်။** သူ့မှာ ကိုယ်ပိုင်ရပ်တည်မှု၊ ဖြစ်တည်မှု တခုလည်းမဟိ။ ရီပြင်တခုခုကို အခြားပြင်ပက တွန်းအား (သို့မဟုတ်) အင်အားတစုံတရာ (ဥပမာ–လီတိုက်ခြင်း၊ ငလျှင်လှုပ်ခြင်း–စသည်) အပေါ်အခြီခံဗျာယ် ဖြစ်ပေါ်လာရေ ရီသားပြင်ထက်က ရုပ်ဝတ္ထုတခု။ ယင်းပြင်ပက တွန်းအားပြင်းကေ ပြင်းသလောက်၊ ပျော့ကေ ပျော့သလောက် လှိုင်းတိ၏ အကြီး–အငယ်၊ အပြင်း–အပျော့ ကွာပြီးကေ ဖြစ်တည်လာတတ်ယင့်။ လီဖြူဖြူးချေတိုက်တေခါ ရီပြင်ထက်မှာ လှိုင်းကြက်ခွပ်ချေတိ ချစ်ကောင်းထမဏ်း မြင်ကတ်ရရေပိုင် မြီလွှာအောက်က ကြီးမားရေရှုန်းပြန့်ခြင်းတိ၏ဒဏ်ကြောင့် ရီအောက်ငလျှင်ကြီးဖြစ်ပေါ်မှုက ထွက်လာပနာ ကကောင်းကြောက်စရာကောင်းရေ ဆူနာမီလှိုင်းကြီးတိကိုလည်း ဖြစ်တည်လားစီပါယင့်။ သို့သော် ယင်းလှိုင်းကြက်ခွပ်ချေက အစ–သာမန် ခရုကောက်လှိုင်းတိ အလယ် – ဆူနာမီတိ အဆုံးသော ယင်းလှိုင်းအားလုံးရေ သူ့ရို့ကိုယ်ပိုင်ရပ်တည်မှု၊ ဖြစ်တည်မှုနန့် ရပ်တည်၊ ဖြစ်တည် မနိန်ရေ ရီပြင်ထက်က ရုပ်ဝတ္ထုတိဂျေးဗျာယ် ဆိုစွာရေ လှိုင်းတိ၏ အမှန်တရားတရပ်ပါ။

(၂) **အစလှိုင်းလုံးနန့် အဆုံးလှိုင်းလုံး (သို့မဟုတ်) ဂေါင်းဆောင်လှိုင်းလုံး၊ နောက်လိုက်လှိုင်းလုံးဆိုစွာ မဟိ။** လှိုင်းအားလုံးရေ ရီပြင်တခုတည်းထက်မှာ၊ အချိန်အတိုင်းအတာတခုမှာ (အထက်မှာတင်ပြခရေပိုင်) ပြင်ပတွန်းအား တစုံတရာကြောင့် အားလုံး ပျော်ပျော်ပါးပါး၊ ညီညီညာညာ၊ တလုံးထက်မှာ တလုံးတက်ဗျာယ်၊ တလုံးနောက်မှာ တလုံးလာဗျာယ် တလိမ့်လိမ့်၊ တအိအိ ခရီးဆက်နိန်ကတ်စွာပါ။ ဇာအနားက ဇာလှိုင်းလုံးရေ အစဆုံးလှိုင်းလုံးလဲ– ဇာလှိုင်းလုံးရေ ဂေါင်းဆောင်လဲ–ဇာလှိုင်းတိက နောက်လိုက်လဲ ဆိုစွာကိုခွဲခြမ်း၊ စိတ်ဖြာဖို့ တခုပိုင်လည်း မဖြစ်နိူင်ခြင်းသည်လည်း ရီလှိုင်းတိ၏ အမှန်တရားတရပ်ပင် ဖြစ်ပါရေ။

(၃) **လှိုင်းမှာ အလျှား၊ အနံ၊ ဒုဒယ် တခုလည်း တိတိကျကျ မဟိ။** သမုဒ္ဒရာဖြစ်ဖြစ်၊ ပင်လယ်ဖြစ်ဖြစ်၊ မြစ်ဖြစ်ဖြစ်၊ ချောင်းဖြစ်ဖြစ်၊ ကန်ဖြစ်ဖြစ်၊ အင်းဖြစ်ဖြစ်–ရီလှိုင်းဖြစ်တည်နိန်ရေ ရီပြင်၏ အကျယ်အဝန်းနန့် ဒုဒယ်ပမာဏကို တိုင်းတာတွက်ချက်ပြီးကေ တိတိကျကျပြောလို့ရသည့်တိုင် ယင်းရီပြင်ထက်မှာ ဖြစ်တည်နိန်ရေ လှိုင်းလုံးတလုံး၏ အလျှားကိုသော်လည်းကောင်း၊ အနံကိုသော်လည်းကောင်း၊ ဖြက် ကိုသော် လည်းကောင်း၊ ဒု ကိုသော်လည်းကောင်း တိတိကိကျကျပြောဖို့ဆိုစွာ တခုပိုင်လည်း မဖြစ်နိူင်ပါ။ ယေဇူးနန့် တိကျရေ အကျယ်အဝန်း၊ အမြင့်နန့် ဒုဒယ်ကို တခုပိုင်းလည်း တိတိကျကျ တွက်ချက်တိုင်းတာ၊ ပြောဆိုလို့မရနိူင်ခြင်းသည်လည်း လှိုင်း၏ အမှန်တရားတခုပင် ဖြစ်ပါရေ။

(၄) **တိကျရေဦးတည်ချက်လိုင်းမှာမဟိ။** လိုင်းလုံး တလုံးရေ (သို့မဟုတ်) လိုင်းလုံးများစွာရို့ရေ ဇာအကြောင်းကြောင့်၊ ဇာကိုဦးတည်လို့ ဇာ လုပ်ဖို့လားနိန်ကတ်စွာလဲ၊ တိုက်ခတ်နိန်ကတ် စွာလဲ–လို့မိန်းကေ တိတိကျကျပြောစရာ တခု ပိုင်လည်းဟိဖို့ မထင်ဖြစ်ပါ။ ရီလိုင်းတချို့ရေ ရီ ပြင်အလယ်ကြောထဲ မြူးနိန်ကတ်ချိန်မှာ တချို့ သောရီလိုင်းတိက ကမ်းစပ်မှာ တအိအိ လာ တိုက်နိန်ပြန်ပါရေ။ ရီလိုင်းတချို့ကြောင့် သဲ သောင်ခုံတိ ဖြစ်ထွန်းနိန်စီရေအချိန်မှာ တချို့ သောရီလိုင်းတိကြောင့် ကျောက်တောင်ကြီး တိကို တိုက်စားပြိုကျလားစီပြန်ပါရေ။

● ● ● ● ●

> နရီ၊ စည်းဝါး၊ မျဉ်းကိုက်၊ ပေတံ၊ သဒ္ဒါ၊ သတ်ပုံ’တိ တိကျကျဖြစ်တည်ဖို့ အားယူနိန်ရေ (သို့မဟုတ်) စနစ်တကျ ဖျောက်ဖျက်ခံလိုက်ရရေ (သို့မဟုတ်) သမိုင်းနန့်ချီလို့ရောချ ခံလိုက်ရရေ (သို့မဟုတ်) အစ က ပြန်စ ကတ်ရဖို့ပိုင်ဖြစ်နိန်ရေ ရက္ခိုင်စာပီ လိုင်းတလိုင်းကို ပုံဖေါ်ဖို့ ကြိုးစားနိန်ကတ်တေ . . .

● ● ● ● ●

ဆိုကေ–ယင်းသျှောင်မျိုး သူ့နဂိုရ်ဖြစ်တည်မှု မဟိပဲ အခြားတွန်းအားတခု၏ ပယောဂကြောင့် ရီပြင်ထက်မှာ ဖြစ်တည်လာရေ လိုင်းကိုပင်လျှင် မဟာစဉ်းစားတွေးခေါ်သျှင် လူသားတိက ယူဗျာယ်သုံးပလိုက်စွာရေ --- ကုန်းထက်ကလိုင်းတိစွာလည်း ရီပြင်ထက်က လိုင်းတိနီးပါးများရေလို့ပြောကေ လွန်ဖို့မထင်ပါ။

ဥပမာ တစိချေကို အောက်မှာကြည့်ပါ။

- ၁၉၉၀ ပြည့်လွန်နှစ်များက ဂျပန်၏ လိုင်းသစ်
- အာထရာဆိုးနိလိုင်း နည်းပညာရပ်
- တတိယလိုင်း
- ၁၉၆၅ အလွန် စတုတ္ထလိုင်း
- အသံလိုင်း
- တိုးတက်မှုလိုင်း
- စက်မှုနည်းပညာလိုင်း
- ဆီးဖက်သမားတော်ရို့၏သက္ကရာဇ်၂၀၀၀ပြည့် ဒုတိယလိုင်း
- ကိုလိုနီလိုင်း
- ကယ်လ်စီယမ်လိုင်း
- စာရီးဆရာများလိုင်း
- စီးပွါးရေးလိုင်း
- အနုပညာလိုင်း
- ဆယ်ဖရှန် လိုင်း
- စွမ်းအင် လိုင်း
- ဂိုဂေးလ် လိုင်း

စသည်ဖြင့်။ စသည်ဖြင့်။ လိုင်းတကာ့ လိုင်း။ ရီပြင်မှာတောင်မက ကုန်းထက်ကလိုင်းတိကိုလည်း ရီတွက်လို့ မရစကောင်းပါ။

အကျွန်ရို့တိတောင်မှ ‘နရီ၊ စည်းဝါး၊ မျဉ်းကိုက်၊ ပေတံ၊ သဒ္ဒါ၊ သတ်ပုံ’တိတိကျကျ ဖြစ်တည်ဖို့ အားယူနိန်ရေ (သို့မဟုတ်) စနစ်တကျ ဖျောက်ဖျက်ခံလိုက်ရရေ (သို့မဟုတ်) သမိုင်းနန့်ချီလို့ရောချ ခံလိုက်ရရေ (သို့မဟုတ်) အစ က ပြန်စ ကတ်ရဖို့ပိုင် ဖြစ်နိန်ရေ ရက္ခိုင်စာပီ လိုင်းတလိုင်းကို ပုံဖေါ်ဖို့ ကြိုးစားနိန်ကတ်တေ မဟုတ်ပါလား။

လေးစားလျှက်

ဒိန်းဒေါင်

(၂၀၁၁ ခုနှစ်၊ ဩဂုတ်စ်လ ၂၄ ရက်)

## စာစဉ်မှာယူလိုလျှင်

အေသတင်းစိုဥ်ဝယ်ယူအားပီးလိုသူများအနိန်ဖြင့်အောက်ဖေါ်ပြပါနီးစပ်ရာစာစဉ်ကူညီဖြန့်ချီပီးသူများမှတဆင့်ဆက်သွယ်ဝယ်ယူနိုင်ကတ်ပါသည်။ အထူးကျေးဇူးတင်ပါသည်။

*ကို ဦးသိန်းမောင် (အိုင်အိုဝါ)*

☎ *၅၁၅–၃၂၆–၄၆၂၂*

ကို ကျော်သိန်း (ချီကာဂို)

☎ ၇၇၃–၄၁၄–၂၈၁၃

*ကို အောင်ထွန်းစိန် (ပိစ်ဘာ့ဂ်)*

☎ *၄၁၂–၄၀၃–၇၈၂၂*

ကို ခိုင်မင်းဇံ (ဘာဖဲလို)

☎ ၇၁၆–၃၀၈–၃၅၆၆

*ကို ဆန်းလှိုင် (မီဝါကီ)*

☎ *၄၁၄–၄၈၄–၅၇၃၈*

ဂိုးချေ (ယူတား)


☎ ၈၀၁–၅၁၂–၁၀၃၆

*ကို ကျော်သိန်း (မီဇူရီ)*

*ဖုန်း ၈၁၆–၂၉၄–၈၄၅၁*

ကို စောသိန်းမောင်(ချီကာဂို)

☎ ၆၃၀–၇၄၉–၈၀၈၃





# 'အကျွန်ရှိရခိုင်အမျိုးသား ပညာသျှင်ဆရာကြီး ပါမောက္ခဒေါက်တာကျော်နှင့် ရွာမသားကျော် ရခိုင်အစစ်ဆုံး ဖြစ်စဉ်အပေါ် ရင်ထဲကခံစားချက် အပိုင်းအစများ (၁)'




## အသျှင်ခေမာစာရ (ရဟန်းပျိုသမဂ္ဂ)

၂၀၁၂ ခုနှစ်၊ ဖေဗျူဝါရီ (၂၆) ရက်နိ စဓော (၁၀:၂၀) နာရီမှာ နောက်ဆုံးဝင်ရောက်လာရေ "နိုင်ငံတကာရေးရာရက္ခိုင်သတင်းစိုဉ်" ကို တချက်ချေ ဖွင့်ဖတ်ကြည့်မေ ဆိုပြီး ဖတ်ဖြစ်တေ။ ကြိမျက်နှာဖုံးက "ဆရာကြီး ပါမောက္ခဒေါက်တာကျော်" ရုပ်ပုံလွှာကိုဦးစားပီးပနာ ဖေါ်ပြထားစွာ တွိရရေ။ စိတ်ထဲမှာ နင့်ခနဲဖြစ်လားရေ။ မျက်ရည်ပင် မကျ တကျ ဖြစ်လားရေ၊ အဂေါင့်။ ဆရာကြီး ၂၀၁၂ ခုနှစ်၊ ဂျန်နျူဝါရီ (၁၉) ရက်နိမှာ ဆုံးလားခယာ။ ဆရာကြီးဆုံးလားခစွာကိုသိယင့်။ မလားနိုင်ခ။ မရောက်နိုင်ခ။ ဂုဏ်မပြုနိုင်ခ။ ကိုယ့်ကိုကိုယ်သုံးသပ်ယက်ပင်း ဆို့နစ်လားရေ။ ယေကေလည်း မတတ်နိုင်။ တခုလည်း မတတ်နိုင်။ ကံဆိုးချင်စွာက ဆရာကြီး မဆုံးခင်ချေ တလလောက်က (ကကောင်းရင်းနီးရေ) ဆရာ၊တကာ လုပ်ဖေါ်ကိုင်ဖက်၊ ကျောင်းသားဂေါင်းဆောင် ကလေချေတယောက် ဆုံးလားခ သိမ့်ရေမဟုတ်လား။ မကြာခင်ဆရာကြီးဆုံးရေ ဆိုခါ အစာလည်း မတတ်နိုင်။ အစာပိုင်လဲ မဖြစ်နိုင်ယာ။ အဖြစ်တဖြစ်က ကုန်းကြောင်းလားလို့ မရလို့မဟုတ်လား။ သျှင်းကတ်ပါလိမ့်မေ

စာရီးဒေအသျှင် စာစောင်ပါ ဆရာကြီးအကြောင်းကို ဆက်ဖတ်နိန်မိရေ။ အယ်ဒီတာ့အာဘော်ဖြစ်နိန်ယင့်။ ဂေါင်းစီးက "ရခိုင်အမျိုးသားတတ်သိပညာသျှင် မျိုးချစ်ပုဂ္ဂိုလ် ဆရာကြီးပါမောက္ခဒေါက်တာကျော်အား လွမ်းဆွတ် သတိရ၊ လေးစားမှုများနှင့်အတူ သူ့ဘဝအတ္ထုပ္ပတ္တိအကြောင်း တစိတစောင်း" ဆိုပြီး ရီးထားရေ။ ဂုဏ်ပြုဖေါ်ပြထားရေ။ ရီးသူက စာစောင် ကမကထ ထုတ်ဝီဖြန့်ဖြူးနိန်ရေ "ဦး ဦးသိန်းမောင်" ဖြစ်တေ။

တခါတခါ စာရီးဒေအသျှင်ကို ဦးသိန်းမောင်ဖုန်းဆက်တတ်တေ။ ကျမ်းကြောင်းမာကြောင်းမိန်းရေ။ ရခိုင်ပြည်အကြောင်း၊ ပြည်လုပ်သား အကြောင်း ဆွေးနွေးရေ။ မြန်မာ့ဒီမိုခရေစီကိစ္စ တီးခေါက်ပြီးကေ ဖုန်းချလားတတ်တေသူ။ ကျန်ဟာဒိန်မပြော့ဖြစ်။

သူနန့်က ထိုင်းမှာတွိပြီး ခင်မင်ကတ်တေ။ ကလေချေ လူချေ တဦးလို့ပြောချင်ရေ။ ဒေအယ်ဒီတာ့အာဘော်ဖတ်ရရေအခါ သူ့ကိုလည်း မှတ်မှတ်ရရ သတိတရဖြစ်မိရေ။ ပဇာဖြစ်လို့လဲဆိုကေ စာရီးဒေအသျှင်၊ ဦးသိန်းမောင်နန့် ဆရာကြီးရို့ရေ လွန်ခရေ ၂၀၀၃ ခု၊ ၂၀၀၄ ခု လောက်က ထိုင်းနိုင်ငံချင်းမိုင်မြို့ ဟိုတယ်တခုမှာကျင်းပရေ "ရခိုင်သမိုင်းနန့်ရခိုင်ရေးရာတွေ့ဆုံဆွေးနွေးပွဲ" မှာ ဆုံဖြစ်ခကတ်တေ မဟုတ်လား။ ယင်းဆွေးနွေးပွဲမှာ လူငယ်၊ ကလေချေဒိန် ဆရာကြီးကို ကောင်းကောင်းလေးလေးစားစား ပြောကတ်၊ ဆိုကတ်၊ ဆက်ဆံကတ်စွာကို တွိရလို့ ကောင်းကောင်းဝမ်းသာမိရေ။ ရခိုင်လူငယ်တိ လူကြီးကို လူကြီးပိုင်သျှောင် သိတတ်၊ မြင်တတ်၊ ပြောတတ်၊ ဆိုတတ်လာစွာကိုတွိရလို့ဖြစ်တေ။ ဒေချင့်ရေ တိုးတက်မှုတခု ဆိုကေ မှားကတ်ဖို့လား။

ရခိုင်ကလေချေ ကျောင်းသားဒိန်က "ဆရာကြီး နိုင်ငံတကာ၊ အရပ်တကာက ကလေချေ၊ကျောင်းသားဒိန်ကို ပြောဆိုရစွာနန့် အကျွန်ရှိ ရခိုင်က လေချေကျောင်းသားဒိန်ကို ပြောရဆိုရစွာ ဇာကွာပါလဲ ဆရာကြီး" ဆိုပြီး မိန်းစွာကို "ကွာရေဝေး ကွာရေ၊ ပျင်ရဖို့၊ ကောင်းကောင်း ပျင်ရဖို့သိမ်းဝေး" ဆိုပနာ တဟဲဟဲရယ်ယက်ပင်း ပြောခသိမ်းရေမဟုတ်လား။

ဒေပိုင်သျှောင် ကလေချေဒိန်နန့်ပက်သက်လို့ အယင်ခါ ၁၉၈၈ ခု ဝန်းကျင်လောက်က ရန်ကုန်တက္ကသိုလ်များရခိုင် ကလေချေကျောင်းသားဒိန်နန့် စာရီးဒေအသျှင်တွိဆုံဖူးရေအခါမှာ (ယင်းအချိန်က ရခိုင်တန်ဆောင် မဂ္ဂဇိန်းကို ဒေအသျှင် တည်းဖြတ်၊ အေဒီတာ လုပ်ပီးနိန်ရေခါ) ဆရာကြီးအကြောင်းမိန်းဖူးရေ။ ကျောင်းသားကလေချေတယောက်က "ကောင်းကောင်းပါးရေကိုယ်တော်၊ ထိမ်းသိမ်းစွာတိ—အူး––အစည်းအဝေးလုပ်ကေ တခုလဲမပြော––ပြုံးပြုံး ပြုံးပြုံးနန့်လုပ်နိန်ပါရေ၊ လေးနာရီထိုးစွာနန့် ကိုယ်တော် ချက်ချင်းဆိုရေပိုင် –– ရယာဝေး၊ ရယာ၊ လေးနာရီထိုးယာဂါး––ဆိုပြီး ကိုယ်တော်ပြန်ဖို့ပြောရေ၊ အူး––မနဲပြောထား ရရေ၊ တချက်ချေ မလုပ်ပါကေ့ဆရာကြီး၊ တချက်ချေရာ—ထိုင်ပါအုံ့––ဆိုပြီး တပည့်တော်ရို့ဆယ်မိနိအတွင်းဆုံးဖြတ်ချက်တိချပနာအားလုံးပြီးလားခရေကိုယ်တော်–ဟား ဟား" ဆိုပြီးသျှင်းပြရေ၊ ရခိုင်ကလေချေရို့၏စရိုက်၊

ကလေချေတိကို ပဇာပိုင်ဆက်ဆံရဖို့၊ ပြုမူရဖို့၊ ကိုင်တွယ်ရဖို့၊ ပြောဆိုရဖို့ ကို တတ်ကျွမ်းရေ ဆရာဖြစ်တေ။

◆ ◆ ◆ ◆

> ‘ငါရို့ရခိုင်ဒိန်က ဓညဝတီ ဘီစီလောက်က စ ပြောကတ်စွာ မဟုတ်လား၊ နှစ်ပေါင်း နှစ်ထောင့်ငါးရာ သုံးထောင်နီးပါး လူကောင်းဒိန်၊ လူတော်ဒိန်၊ ဆရာပြောချင်စွာ က .... ယဟာယာ’

◆ ◆ ◆ ◆

ယင်း ချင်းမိုင်တွိဆုံပွဲမှာ ကျောင်းသားကလေချေဒိန်က “အရက်သောက်စွာဟာ ရခိုင်ရိုးရာလား၊ ဇာ(အချိန်)လောက်က ရခိုင်တိ အရက်စ သောက်ခပါလဲ၊ ဇာကြောင့်ပါလဲဆရာ” လို့မိန်းရေခါ “အေးဝေး အေး၊ ယင်းစွာက အိင်္ဂလိချ်ရို့က ငါရို့ရခိုင်ကိုဖျက်ပစ်ခစွာယာဝေး၊ အစက ဗုဒ္ဓဘာသာဝင်တိဖြစ်တေ ရခိုင်ဒိန် အရက်မသောက်၊ မူးယစ်ဆီးဝါးမမှိဝဲ၊ ဥာဏ်ရည်ထက်မြက်တေ၊ ရခိုင်ဒိန်ကိုအုပ်ချုပ်လို့ရအောင် ဖျက်ပစ်ခစွာယာ၊ မတ်ရို့ကြည့်၊ ပေါ်တူဂီဥရောပသားတိတောင်ယှဉ်နိုင်ခစွာမဟုတ်၊ မဟုတ်လား၊ တိုးနိုင်ခစွာမဟုတ်၊ အိင်္ဂလိချ်လည်းမတိုးနိုင်၊ အနားတောင် မကပ်နိုင်၊ နိုင်ငံရေးအရအားနည်းလာရေခါ အင်္ဂလိချ်လက်အောက်ရောက်လားခရေ၊ ပြားလားခရရေဝေး၊ အစပိုင်း ရခိုင်ကို အုပ်ချုပ်ဖို့ခေါ်လာရေခါ ကုလားလူမျိုးဒိန်ကို ကွမ်းယာရောင်းခိုင်းရေ၊ ဖေသာနန့်မဟုတ်၊ အလကားစားခိုင်းရေ၊ ကွမ်းယာခဲမှာ ဘိန်းထည့်ထားရေ၊ ရခိုင်ဒိန်က တစ တစ နန့် ကွမ်းယာစွဲလာရေ၊ နောက် ဘိန်း၊ ယေပြီးနာ အရက်––ကြည့်––ဂုထိစွဲနိန်စွာယာဝေး၊ ငါရို့ရခိုင်ဒိန်က ဓညဝတီ ဘီစီလောက်က စပြောကတ်စွာ မဟုတ်လား၊ နှစ်ပေါင်း နှစ်ထောင့်ငါးရာ – သုံးထောင်နီးပါး လူကောင်းဒိန်၊ လူတော်ဒိန် ဆရာပြောချင်စွာက ယဟာယာ”

“ဖြောင်း ဖြောင်း ဖြောင်း”

ဆရာကြီးပြောအပြီး လက်ခုပ်သံတဖြောင်းဖြောင်း ထွက်ပေါ်လာရေ။ ဆရာကြီးပြောစွာကြိုက်လို့ ရယ်မောသံလည်း ညံနိန်သိမ့်ယင့်။ ဒေဟောပြောပွဲအပြီးမှာ ရခိုင်တော်လှန်ရေးဂေါင်းဆောင်တဦးက“ဦးပဇ္ဇင်း သတိထားမိပါရေလား၊ ဆရာကြီးပြောစွာ အစ မှာ – ‘ရွာမသား ကျော် ရခိုင်အစစ်ဆုံး’ လို့ပြောလားခရေ၊ အေချင့်ရေဇာလဲ၊ ဇာပိုင်သဖေါပေါက် ပါလဲ” ဆိုပြီးကေမိန်းရေ။ စာရီးဒေအသျှင်က “မဟုတ်၊ မဟုတ်၊ သူရို့ဝိုင်းမှာလည်း သူရို့အထွာနန့် သူရို့ ကောင်းကောင်း ကျိတ်ထားကတ်လီဖို့ ဟား ဟား ဟား”

စာရီးဒေအသျှင်စကားအဆုံး ပြိုင်တူရယ်မောလိုက်ကတ်တေ။ ဒေစွာက ချင်းမိုင်တွိဆုံပွဲမှာ ဆရာကြီး၏ စကားအမှတ်တရဖြစ်တေ။ ဆရာကြီးအကြောင်း အေဒီတာက မှုမ်းစွာ၊ ကွန့်စွာများနိန်လား မပြောတတ်။ ဆရာကြီးဟာ –––

(၁) ရခိုင်အမျိုးသား တတ်သိပညာသျှင်

(၂) မျိုးချစ်ပုဂ္ဂိုလ်

(၃) ဆရာကြီးပါမောက္ခ ဒေါက်တာကျော်

ဆိုပြီး ဂုဏ်ပြုဖေါ်ပြထားရေ။ သူကြည်ညိုလို့မဆုံး၊ ဂုဏ်ယူလို့မဆုံးဖြစ်နိန်လိမ့်မေ။ ဒေချင့်တောင် ဝ ပုံမပေါ်သိမ်း။ ကိုင်း ထပ်ကြည့်ကတ်။

(၄) မြန်မာ့အရေးကျွမ်းကျင်သူ

(၅) ရခိုင်အဖွဲ့အစည်းများ၏ ဦးစီးနာယက

(၆) ရခိုင်လူငယ်များအားဆုံးမသွန်သင်ဩဝါဒပီးသူ အသိပညာသျှင်

ဆိုပြီး နိဂုံးချုပ်မှာထပ်ထည့်ပြောသိမ်းရေ။ ယင်းအချိန်မှာအေဒီတာ မျက်ရည်လည်ကောင်း လည်နိန်ပါလိမ့်မေ။ နောက်တခု ––။

အေဒီတာစာထဲမှာ မှားနိန်လား၊ လွဲနိန်လား အေး ဒေချင့်က ယောင်းလား၊ တချက်ပြန်ကြည့်ဖို့လိုလိမ့်မေ။ တခြားမဟုတ်။ ဆရာကြီးမွီးရပ်ရွာဖေါ်ပြချက်ဖြစ်တေ။ ကြည့် – “ကူးတို့ဆိပ်ရွာ” လို့ ဆိုထားရေ။ ကယောင်းက “ကူးတို့ဆိပ်ရွာ” ဆိုစွာ ကိုင်း ရှိကြည့် – “ရွာမ”၊ “ရွာသစ်”၊ “ကူးတို့ဆိပ်” “မော်လှမော်” ဆိုပြီးကေ တန်း လို့ ရွာကြီးလေးရွာဟိလီယင့်။ တဆက်တည်း။ ခြားနိန်စွာမဟိ။ တချက်ပြောစရာဟိရေ။ “ရွာသစ်” နန့် “ကူးတို့ဆိပ်” ရွာအကူးမှာစကေတပွေခြားနိန်စွာဟိရေ။ ဂုခါစီးချထားရေလို့ဆိုရေ။ ၂၅၀၀ ပြည့်ဗုရားတပါးလည်းစံပါယ်နိန်စွာဟိပါရေ။ ယေလောက်ရာခြားရေ။ ဒေစွာကို ခြားနိန်ရေလို့ မဆိုနိုင် မဟုတ်လား။

ယေပြီးကေ “လက်ပံကျွန်း” “သက္ကယ်ကျွန်း” ဆိုစွာဟိရေ။ ဆရာကြီးဆွိမျိုးဒိန်ကို “ရွာသစ်ရွာ” မှာ အများကြီးတွိရရေ။ ဟိရေ။ ဒေချင့်အမှန်ဖြစ်တေ။ အသက် (၁၅) နှစ်အရွယ်လောက်က စာရီးဒေအသျှင်မောင်သျှင်ချေဘဝမှာ အငှါးလောင်းချေတစင်းနန့် ရွာမသစ်ကိုလားဖူးခရေ။ ယေခါ လောင်းလှော်ပြီးလိုက်ပို့ရေအငှါးသားက ပဇာပြောလဲဆိုကေ “အဲလား ကိုရင်ချေ၊ ဟိုမှာ ဟိုမှာ ကြည့် ကြည့်၊ ဒေနိန်ရာစွာ ကိုရင်ချေရို့ ဆွိမျိုးတိဂျေးနိန်ခရေရွာ” ဆိုပြီး လက်ညှိုးထိုးပြပနာ ပြောရေ။ ဒေရွာက ရွာပျက်လားခပြီးကေ ရွာမ ရွာသစ်ကို အားလုံးရွှိလားခရေ လို့ ထပ်ဆိုရေ။ ဒေရွာက ရွာမ ရွာသစ်နန့် ချောင်းတဖက်တကမ်းမှာဟိရေ။ စာရွီးဒေအသျှင် အငယ်ချေက လားတိုင်းလားတိုင်း ရွာသစ်က ဆွိမျိုးတိဘားမှာ ပစ္စည်းအပ်ပနာ ဖုန်းကြီးကျောင်းကို လားလေ့လားထ ဟိရေ။

→

ယင်းစွာကြောင့်ဆရာကြီးမှီးရပ်ရွာဟာ ရွာသစ်ရွာမလား။ လောင်းသမားလက်ညှိုးထိုးပြရေ ရွာမရွာသစ်တဖက်ကမ်းက ရွာပျက်တခုက လား။ နောက်ပြီးအယ်ဒီတာဖော်ပြရေ "ကူးတို့ဆိပ်" ကလား ဆိုစွာသမိုင်းအမှန်ဖြစ်ဖို့ စဉ်းစားကတ်ဖို့။ ပဇာဖြစ်လို့လဲဆိုကေ စာရီးဒေအသျှင် နန့် ဆရာကြီးနန့် "ဆွီမျိုးရင်းချာ" ဆိုစွာကို ဟို အချေကပင်သိခရေ။ ကြားဖူးရေ။ ဆရာကြီးရွာက ဆွီမျိုးတိရှိုးရာအရ ဆွီပြ၊ မျိုးပြအမျိုးလည် ရေခလေ့တိ ဟိရေမဟုတ်လား။ ယင်းခါက တွိခ၊ မြင်ခ ဖူးရေ။ ဒိုးဒိုနန့်အမိ က ပြောပြဖူးရေ။ "ယင်းစွာက မောင်ချေရို့ဆွီမျိုးနှောင်း" လို့ ပြောစွာ ကြားခဖူးရေ။

ထိုင်းနိုင်ငံ၊ ချင်းမိုင်တွိဆုံဟောပြောပွဲအပြီး ဆရာကြီးကို ဒေအချက်နန့်ပါက်သက်ပြီးမိန်းဖူးယင့်။ "ယင်းစွာဟုတ်လား" ဆိုပြီးကေ မိန်းရေခါ "တချက်ချေ နိန်အုံး၊ စဉ်းစားကြည့်မေ" ဆိုပြီး တည္ဍ်လုံး ဆွီစဉ်ခုနစ်ဆက် ဆရာကြီးစဉ်းစားပုံကျရေ။ နောက်တရက်နိ တွိ့ရေခါ "ဟုတ်တေ ဟုတ်တေ ပန်းဇင်းချေ" ဆိုပြီး အားရပါးရ ပြောရေ။ ပါလာရေ ဒေါ်လာ စကေ စာအိတ်မှာထည့်ပြီးနာ လှူပစ်ခသိမ်းရေ။

စာရှီးသူအသျှင်၏ "အဘောင်" က ရွာမကဖြစ်တေ။ ဆရာကြီး "ဘာဘာ" နန့် မောင်နှမအရင်းခေါက်ခေါက် လို့ဆိုရေ။ "တူဝရီး၊ တူဝရီး ဘကြီးတော်ပါရေနှောင်း" ဆိုပြီး ရွာမသားလီသံနန့် ပြောသိမ်းရေ။ ယင်းချင့်တိကို စဉ်းစားပြီးကေ ဆရာကြီးဟာ "ကူးတို့ဆိပ်" ရွာကဖြစ်နိုင်ဖို့လား။ တချက်ချေ စဉ်းစားကြည့်ကတ်ဖိ။ ရွာမ ရွာသစ်စွာ နာမည်ရာကွဲရေ။ ရွာက တရွာတည်း။ တဆက်တည်း။

နောက်တချက် ဒေနိန်ရာမှာ ပြောစရာတခုဟိသိမ်းရေ။ "ရခိုင်သားအစစ်ဆုံး" အယူအဆ ဖြစ်တေ။ ဒေစကားကိုလည်း ဆရာကြီး ပြောစွာကို ချင်းမိုင်တွိဆုံပွဲမှာ ကြားဖူးခစွာယာ။ တန်းလွဲရွာမ ဆိုစွာ အမျိုးမာန်ပြင်းထန်ရေဆိုစွာ ငြင်းလို့မရ။ အယင်ကခါ နောက်ခံသမိုင်းကြောင်းကလည်းဟိသိမ်းရေမဟုတ်လား။ အယင့်အယင်ခေတ်က ဒေနိန်ရာဟာ တပ်မမှူး (ရခိုင်မင်းလောင်း လို့ ကျေညာထားသူ) မင်းကျော်ထွီး အုပ်ချုပ်စိုးမိုးခရေ နိန်ရာမဟုတ်လား။ "မြို့တောင်ကြီး" "မြို့တောင်ချေ" ဆိုရေ နိန်ရာမှာ တပ်တည်၊ တပ်ချ နိန်ခ ရေ။ ဒေအရပ်က ရွာမရွာသစ်နန့် ဇာလဲမဝီး။ နောက်ပြီးကေ "ငလွှမ်းမော်ကျောက်စာ" ကိုဒေနိန်ရာမှာ တွိခရေ မဟုတ်လား။ "ငလွှမ်းမော် ကျောက်စာ" (ဂနိအခေါ် ငလုံးမော်) နိန်ရာလည်း ရွာမရွာသစ်နန့် ဇာလဲမဝီး။ ဒေကျောက်စာဟာ ရခိုင်စာပီသမိုင်းမှာ ဟြေ့ဆုံးက ဟိခရေ စာပီထဲမှာပါရေ။

(ဆောင်းပါးအပိုင်း (၂) ကို နောက်လတွင် ဆက်လက်ဖတ်ရှုပါရန်။)

## 'နာမကျန်းမှု ဒိုင်ယာရီ'

**သုံးလေ့ တခါတည်းသုံး**

**ဆုံးလေ့ အဆုံးကြီးဆုံး**

**'အသုံးရောဂါ'၊ စွဲကပ်ပါခ**

**ကုမရနိုင်၊ ဆီးကမစူး**

**မထူးဂုထိ . . .။**

**အားကိုးရာရှာ**

**ဘေးဘီမှာလေ့ ၊ ရောဂါသည် ဂျေး**

**ဖဲမ ဖို့သူ ၊ တလူမဟိ။**

**သိုင်ခေါင်မှောင်မဲ ၊ ရောဂါသဲယင့်**

**မျှော်လင့်ချက်ပင် ၊ ကုန်ချင်ချင်ထော။**

**အေပိုင်ခါ . . .**

**ငါလေ့ရောဂါသည်**

**သူလေ့ရောဂါသည်**

**ရောဂါသည်ချင်း**

**လိုင်ဖင်းဖက်ထား**

**အားပြတ် မလဲလားရအောင်။ ။**

**မောင်ခိုင်စော**

*(အထက်ပါ ကဗျာအား နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ် အမှတ် (၁၅) တွင် ဖော်ပြခပါသည်။ မတော်တဆ၊ စာကျကျန်မှုဖြစ်လားပါသဖြင့် ကဗျာဆရာအား တောင်းပန်မှုနှင့်အတူ ကဗျာအပြည့်အစုံအား ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။ ကျေးဇူးတင်ပါသည်။ အေဒီတာ)*

**"နိုင်ငံတကာရေးရာရက္ခိုင်သတင်းစိုဉ်' သို့ စာမူရှီးသားပီးပို့ကတ်သော ရခိုင်စာရီး ဆရာ/ဆရာမများ၊ ဝယ်ယူအားပီးသူများ၊ ကူညီဖြန့်ချီပီးသူများနှင့် ရက္ခိုင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးအပေါင်းအား အထူးကျေးဇူးတင်ဟိကြောင်း မှတ်တမ်းတင်အပ်ပါသည်။"**

## ‘အခကြောင်းကာ’

နက်ဖြန်ခါတရက်တည်းအတွက် မဟုတ်ခရေ
မျှော်လင့်ချက်တိ
စက်တင်ဘာလက ခြွီစားလားခကေတောင်
အယင်နှစ်က ငွါအိမ်မက်တိကို
ပြန်ပီးခ ဗလင်။

ရက် ၊လ၊ နှစ် တိကိုစောင့်ယက်ပင်း ရစ်ပတ်နှောင်ထုံးခရေ
သံယောဇဉ်ကြိုးချေ
နီဝင်ချိန်အတွက်မဟုတ်ခကေတောင်
အဖြူရောင်ငွါရာဇဝင်ကို
ပြန်ပီးခ ဗလင်။

တယောက်စာပုဂ္ဂလိက အလွှမ်းတခုရာဖြစ်ခရေ
ရင်ဖတ်ပြည့်အနာ
မာန စကေချေများ ပါနိန်ခကေတောင်
ခွင့်လွှတ်တတ်တေ အရယ် အပြုံ့တိကို
ပြန်ပီးခ ဗလင်။ ။

**ကျော့ကြာညို (ရခိုင်သမီးပျို)**

၁၇-၀၁-၂၀၁၂

● ● ● ●

## ‘အမှာစကားတခွန်းချေ’

**ရှီးမရံစီ၊ ပင်လယ်စပ်ကမ်း**
**မြီလခြမ်းမှ၊ သွီးချင်းနွယ်ပေါင်း**
**ဆွီမျိုးကောင်းအား၊**
**ပါးလိုက်ချင်ရေ**
**အမှာစကား တခွန်းချေ။**

**မောင်ကြီးသျှင် ရို့ –**
**ပင်ပင်ပမ်းပမ်း၊ တနီခမ်းအောင်**
**လုပ်ကိုင်ပြန်လာ၊ ယမကာ ကို**
**အသဲလည်းပြုန်း၊ ဘဝတုံးအောင်**
**သောက်သုံး၍လည်း မနိန်နှင့်။**

**ရက္ခနွယ်ဖွါး၊ မျိုးကောင်းသားရို့**
**မျိုးစောင့်တရား၊ လက်ကိုင်ထားကာ**
**တိုင်းခြားတပါး၊ မျိုးမရောပဲ**
**မျိုးဂုဏ်စောင့်လီ၊ ရခိုင်မှန်စီ။**

**သိပ္ပံ ဝိဇ္ဇာ၊ ဘွဲ့ကိုင်ကာလျှင်**
**ဟိုကလေကိုလည်းမကြိုက်၊ အေသူ့ကိုလည်းမယူ**
**အရိုးများလိုက်၊ ချီးခါးလိုက် နှင့်**
**အာကာလီဆိုင်၊ ဘဝင်ကိုင်ပနာ**
**အရီးချေ၊ အပျိုကြီးလည်း**
**လုပ်မနိန်လီကတ်ကေ့၊ မျိုးတုန်းမယ်။**

**တူ၊ တူမချေ၊ မြီးချေရို့လည်း**
**မှာလိုက်မေလေ**
**ဘာသာမျိုးခြား၊ အောက်သားစကားကို**
**လိုခါမှပြော၊ မလိုမပြောကေ့**
**ရခိုင်စကား၊ လေးစားပြောလီ**
**စကားပျောက်ကေ၊ မျိုးပျောက်တေ။ ။**

ဖြူ (ချိုကာဂို)

# ပညာဟိ

**ကျော်သိန်းခိုင်**

အယင်အပတ်က အသိပညာ (knowledge) အကြောင်းကို အင်တန်ချေတင်ပြခ ရေ။ အသိပညာစွာ အချက်အလက် ကိန်းဂဏန်း (data) နန့် သတင်း အတိုအထွာ (information) တိကို စနစ်တကျ စုစည်းတင်ပြစွာလည်းဖြစ်တေ။ အသိပညာစွာ သူများဘားက သင်ယူရစွာဖြစ်လို့ ကိုယ်ပိုင်မဟုတ်။ ကိုယ်တိုင်ဆည်းပူးခရေ အသိပညာကနိန်ထပ်ဆင့် ပေါက်ဖွါးလာရေ ဉာဏ်ပညာ (Wisdom) စွာယာ မိမိကိုယ်ပိုင်ဖြစ်တေ။




ယေဖူးနန့် ဉာဏ်ပညာကို ရဖို့အတွက် အသိပညာကို အယင်ရှာဖွီဆည်းပူးကတ်ရေ။ လူတိုင်းအသုံးပြုကတ်တေ အသိပညာရှာဖွီရေးနည်းလမ်းတခုကတေ့ မူကြိုကနိန် ဘွဲ့တရထိ စာသင်ကျောင်းမှာ သင်ယူကတ်ခြင်းပင်ဖြစ်တေ။ ဘွဲ့ရပြီးလို့ ကျောင်းထွက်တေခါလည်း အလုပ်ခွင်ထဲမှာ ဆက်လက်သင်ယူကတ်ရေ။ တချိန်တည်းမှာပင် ပြင်ပစာပီတိကို ရက်ပြတ်ရှာဖွီ ဖတ်ရှုမှတ်သားကတ်ရပြန်ရေ။

ယကေ အသိပညာစွာ စာပီတခုတည်းမှာရာဟိရေလား? မဟုတ်ပါ။ ကိုယ်နိန်ထိုင်ရေ လူမှုပတ်ဝန်းကျင်နန့် ကိုယ်ကျင်လည်ရေ သဘာဝပတ်ဝန်းကျင်တိမှာရာတတ်၊ ဖွီတတ်ကေ ပညာတိအများကြီး ရနိုင်ပါရေ။ အမှန်ဆိုကေ အကျွန်ရို့သင်နိန်ရရေ စာတိစွာ သဘာဝပတ်ဝန်းကျင်နန့် လူမှုပတ်ဝန်းကျင်တိကို လေ့လာပနာ ပြုစုထားစွာတိပင်မဟုတ်ပါလား။

'အသိပညာ' လို့ယျောဘုယျပြန်ဆိုထားရေ Knowledge မှာ သိပ္ပံပညာ (Science) နန့် ဝိဇ္ဇာပညာ (သို့မဟုတ်) အနုပညာ (Art) လို့ နှစ်မျိုးတွို့ရရေ။ သိပ္ပံအတတ်ပညာတခုခုနန့် အသက်မွီးဝမ်းကျောင်းပြုရေ လူကို အတတ်ပညာသျှင်၊ ဝိဇ္ဇာပညာရပ်နန့် အသက်မွီးဝမ်းကျောင်းပြုရေ လူကိုတေ့ခါ အသိပညာသျှင် လို့ခေါ်ဆိုကတ်တေ။ ယင်းနှစ်မျိုးစလုံးကို ခြုံငုံပနာ 'ပညာသျှင်' လို့ ခေါ်ဆိုလာကတ်တေ။

လူအများက ပညာဟိ ကို ပညာသျှင်နန့် မကြာမကြာလွဲမှားမှတ်ယူကတ်တေ။ ပညာရပ်တခုခုကို တတ်မြောက်ရုံနန့် ယင်းလူစွာ ပညာဟိမဖြစ်နိုင်။ ထိုနည်းအတူ ပညာဟိတိုင်းလည်း ပညာသျှင်မဖြစ်နိုင်။ သို့သော် ပညာသျှင်မဟုတ်ကေလည်း ပညာဟိ ဖြစ်နိုင်ပါရေ။ Great Stone Face (ကျောက်မျက်နှာနန့်တူရေလူကြီး) ဝတ္ထုတိုချေမှာ ရွာသားတိက ပညာဟိကို အဝီးကရောက်လာဖို့လို့ မျှော်ခ ကတ်တေ။ ယေခါ ကိုယ့်ရွာမှာ ဂေါင်းချဖို့ဆိုပြီး အဝီးကပြန်လာကတ်တေ ရွာသားထဲမှာ အငြိမ်းစားဗိုလ်မှူးကြီးက တယောက်၊ ကြိုကြိုတက်ချမ်းသာရေ ဇောတိကက တယောက်၊ နာမည်ကြီးစာရီးဆရာက တယောက်ပါရေ။ ယကေလည်း သူရို့တိစွာ ပညာဟိတေ့ ဖြစ်မလာကတ်။ သူပိုင် ငါပိုင် လူသာမန်တိရာဖြစ်တေ။ နောက်ဆုံးမှာ ဆင်းရဲသား၊ အငှါးခံဘဝနန့် တသက်ပတ်လုံး ရွာမှာနိန်ထိုင်ကြီးပြင်းလာရေ ဝါကြီးတလုံးကိုရာ သူသီခါနီးမှာ ရွာသားတိအားလုံးက ပညာဟိအဖြစ် အသိအမှတ်ပြုလာကတ်တေ။ သူစွာ သူတော်ကောင်းတရားနန့် လည်းအညီ နိန်ထိုင်ရေ။ လူတိကိုလည်း လိုက်လိုက်လှဲလှဲကူညီရေ။ လူတိကို အကြံဉာဏ်ပီးနိုင်လောက်တေအထိ ဉာဏ်ပညာလည်းဟိလို့ ပညာဟိ အဖြစ် အသိအမှတ်ပြုခံရစွာဖြစ်တေ။

ပညာတတ်ရုံနန့် ပညာဟိမဖြစ်နိုင်လို့ ဆိုခ ပါရေ။ ယကေ ပညာဟိဖြစ်ဖို့ ဇာပိုင်အရည်အချင်းတိလိုအပ်ပါလဲ။ မူလဗီဇ စာရိတ္တ (Character) နန့် ကိုယ်ကျင့်တရား (Morality) ကောင်းဖို့ အဓိကလိုအပ်ပါရေ။ Character လို့ခေါ်ရေမွီးရာပါမျိုးရိုး ဗီဇထဲမှာ အဆိုး၊ အကောင်း နှစ်မျိုးလုံးရောပါလာရေ။ မကောင်းမှန်းသိလို့ ဗီဇဆိုးတိကို ပြုပြင်ပနာ နိန်ထိုင်ရေလူကိုတေ့ ကိုယ်ကျင့်တရားကောင်းရေလူ လို့ ပြောဆိုကတ်တေ။ ကိုယ်က လေ့ကျင့်ပနာ ပျိုးထောင်ယူရရေ တရားမျိုးဖြစ်လို့ 'ကိုယ်ကျင့်တရား' လို့ခေါ်စွာ ကကောင်းသဘာဝကျပါရေ။

**ပညာဟိလုပ်ရပ်စွာဇာလဲ။ အမှန်တရားကို မြတ်နိုးရေ။ ယေဖူးနန့် အမှန်တရားကို ရှာဖွီရေ။ သိလာရေအတိုင်း ယင်းအမှန်တရားကို ကိုယ်တိုင်ကျင့်သုံးရေ။ ယင်းစွာရေ ပညာဟိ လုပ်ရပ်တိပါ။ တချို့ကတေ့ကေ အဆိုးနန့်အကောင်း ကို ခွဲခြားနားလည်ရေ။ အမှန်တရားကိုလည်းသိယင့်။ ယင်းအမှန်တရားအကြောင်းကိုလည်း အာပေါက်အောင် သူများတိကို ပြောပြယင့်။ ယေကေလည်း ကိုယ်တိုင်တေ့ တခါချေလည်း မကျင့်သုံး။**

ပညာတတ်တယောက်စွာ ဉာဏ်ပညာ (wisdom) လည်းဟိရေ၊ ကိုယ်ကျင့်တရား (morality) လည်းကောင်းရေ ဆိုကေ ယင်းလူကို ပညာဟိ လို့ယေဘူယျပြောနိုင်ပါရေ။ ယေဖူးနန့် ပညာဟိတယောက်ဖြစ်လာဖို့ ထိုလူ၏ကိုယ်ကျင့်တရား 'ကောင်းရေ – မကောင်း' ဆိုရေ အချက်မှာ အဓိက မူတည်နိန်ပါရေ။ အိင်္ဂလိချ် ဆိုရိုးစကားတခုကတော့ကေ **"Wisdom is proved righteous by its works."** – **"ဉာဏ်ပညာကို ယင်းလူ၏ လုပ်ရပ်တိနန့် သက်သီထူရေ"** လို့ ဆိုပါရေ။ ဆိုလိုစွာက ပညာဟိရေလူ ဆိုစွာ သူ ပညာဟိရေအကြောင်းကို သူ၏ ပညာဟိ လုပ်ရပ်တိနန့် သက်သီထူပါရေ။ အပြောသက်သက်မဟုတ်ပဲ အလုပ်နန့် သက်သီထူရေ လူစားမျိုးဖြစ်တေ။

ပညာဟိလုပ်ရပ်စွာဇာလဲ။ အမှန်တရားကို မြတ်နိုးရေ။ ယေဖူးနန့် အမှန်တရားကို ရှာဖွီရေ။ သိလာရေအတိုင်း ယင်းအမှန်တရားကို ကိုယ်တိုင်ကျင့်သုံးရေ။ ယင်းစွာရေ ပညာဟိ လုပ်ရပ်တိပါ။ တချို့ကတော့ကေ အဆိုးနန့်အကောင်းကို ခွဲခြားနားလည်ရေ။ အမှန်တရားကို လည်းသိယင့်။ ယင်းအမှန်တရားအကြောင်းကိုလည်း အာပေါက်အောင် သူများတိကို ပြောပြယင့်။ ယေကေလည်း ကိုယ်တိုင်တော့ တခါချေလည်း မကျင့်သုံး။ ယေဖူးနန့် ယင်းလူစွာရေ တသက်လုံး ပညာဟိဖြစ်မလာခ။ နောက်ဆုံးမှာ အယောင်ဆောင် အရီခြုံ အတုအယောင်သမား (Hypocrisy) လို့ခေါ်ရေ၊ အပြောနန့် အလုပ် မညီရေ လူစားမျိုးဖြစ်လာခရရေ။

Do as I say, not as I do. 'ငါပြောပိုင်လုပ်၊ ငါလုပ်တေပိုင်မလုပ်ကေ့' ဆိုစွာရေ ပညာဟိလုပ်ရပ်မဟုတ်။ Practice what you preach. ဆိုရေအတိုင်း ပညာဟိစွာရေ သူပြောရေအတိုင်း ကိုယ်တိုင်လည်း လုပ်ပါရေ။

နောက်ထပ်အရေးကြီးရေ ပညာဟိ လက္ခဏာတရပ်က တော့ကေ 'လိပ်ပြာလုံရေ၊ လိပ်ပြာသန့်ရေ' ဆိုရေ အယူအဆ ပါ။ လိပ်ပြာသန့်စွာကို အိင်္ဂလိချ်ပိုင်တော့ 'Clear Conscience' ပါ။ Conscience ဆိုစွာ – ကိုယ့်ကိုကိုယ် သိရေစိတ်ပါ။ လူကွယ်ရာမှာ မကောင်းမှုတခုကို ကျူးလွန်မိရေ။ တခြားလူတိကတော့ မသိလိုက်။ ယကေလည်း ကိုယ်လုပ်စွာကို ကိုယ်သိရေ။ ယေခါ ကိုယ်လုပ်စွာကို အရာလူတိ သိလားယာလားမသိ' ဆိုရေ စိုးရိမ်စိတ်က ရက်ပြတ် ခြောက်လှန့်ခံနိန်ရရေ။ ယေခါ ကိုယ့်စိတ်ထဲမှာ မလုံမလဲ ဖြစ်လာရေ။ လိပ်ပြာမသန့် လို့လည်း ပြောကတ်တေ။ ယေဖူးနန့် လူကွယ်ရာမှာ လုပ်စွာက ယင်းလူ၏ စိတ်ဓါတ်အမှန်ကို ဖေါ်ပြရေ လို့ အိင်္ဂလိချ်အဆိုချေတခုကို မှတ်သားဖူးပါရေ။ **What you do in private, more so than in public, reveals what kind of person you really are. "လူဟြိမှာလုပ်စွာထက်၊ လူကွယ်ရာမှာ လုပ်စွာက သူ ဇာပိုင် လူစားမျိုးအစစ်အမှန်ဖြစ်တေ ဆိုစွာကို ဖေါ်ပြရေ"** လို့ဆိုပါရေ။

သူတော်ကောင်းရို့၊ ပညာဟိရို့စွာ လိပ်ပြာလုံ/လိပ်ပြာသန့်ကတ်တေ။ မကောင်းစွာကို လူဟြိမှာလည်းမလုပ်၊ လူကွယ်ရာမှာလည်း တခါချေလည်း မလုပ်ကတ်ပါ။ ယေဖူးနန့် ပညာဟိတယောက်ဖြစ်လာဖို့ အရည်အသွီးတိမှာ မူလဗီဇ စာရိတ္တ (Character) ကောင်းဖို့၊ ကိုယ်ကျင့်တရား (Morality) ကောင်းဖို့၊ လိပ်ပြာသန့်ဖို့ (Clear Conscience) ဆိုရေ အချက်တိပါဝင်နိန်ရေ။ ယင်းပိုင်အချက်တိနန့်ပြည့်စုံရေလူကိုရာ ပညာဟိ လို့ခေါ်နိုင်ရေအကြောင်း ဆင်ခြင်မိစွာကို စာဖတ်ပရိတ်သတ်တိ စဉ်းစား၊ အဖြေရှာ (brain storming) ဆင်ကြည့်ကတ်ဖို့ တင်ပြလိုက်ရပါရေ။ ။

**ကျော်သိန်းခိုင်**

● ● ● ● ● ● ● ●

**'သုတ' နန့် 'ရသ' ရို့ကိုလည်းကောင်း**

**'သတ္တိ' နန့် 'ခွန်အား' ရို့ကိုလည်းကောင်း**

**'မေတ္တာ' နန့် 'ပညာ' ရို့ကိုလည်းကောင်း**

**ပီးစွမ်းနိုင်သော စာများဖြင့်**

**လူ့အဖွဲ့အစည်းကို အလှဆင်တင့်တယ်စီအံ့။ ။**



## *ကလောင်သွီးကတ်ပါ*

***နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်*** သို့ စာမူများပီးပို့နိုင်ကတ်ပြီး စာစောင်တွင် ပုံနှိပ်ဖေါ်ပြရန် ရွီးချယ်ခံရပါက အဆိုပါစာမူပီးပို့သူတိုင်းအား 'နိုင်ငံတကာရေးရာသတင်းစဉ်' တစောင်စီကို အသိအမှတ်ပြုလက်ဆောင်အဖြစ် (အမေရိကန်ပြည်ထောင်စုအတွင်းတွင်) ပီးပို့လားမည် ဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စု ပြင်ပမှ ဆိုပါက စာအုပ်အပြည့်အစုံကို E-Mail မှတဆင့် ပီးပို့လားမည်ဖြစ်ပါသည်။ ကျေးဇူးတင်ပါသည်။



# ပီးစာများ / မှတ်ချက်များ

**နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဥ် အပေါ် စာဖတ်သူ ညီအစ်ကို၊ မောင်နှမအပေါင်း၏ ပီးစာများ၊ မှတ်ချက်များ၊ အကြောင်းပြန်ချက်များအား အေနိန်ရာတွင် စုဆောင်းတင်ပြလားမည်ဖြစ်ပါသည်။ အားလုံးကို အထူးကျေးဇူးတင်လျှက်ပါ။**

ကိုဦးသိန်းမောင်

စာပြန်စွာအတွက် အထူးကျေးဇူးတင်ပါရေ။

အဂုပိုင် အားလုံးလက်ခံနိုင်ရေ ခေတ်သစ်ရခိုင်စာအရီးအသား တရပ်ဖြစ်လာအောင် ကြိုးပမ်းနိန်ကတ်တေခါ ခေတ်အဆက်ဆက်လေ့သုံး ပြီးကေ တည်မြဲပြီးသား စာလုံးပေါင်းသတ်ပုံတိကို အပြောင်းအလဲ မလုပ်စွာရာ ကောင်းပါဖို့။ “အဟောင်းစံတင်၊ အသစ်ထွင်”ရာ လုပ်သင့်ကတ်ပါရေ။ မဟုတ်ဘဲ စာလုံးပေါင်းတိ ကို တယောက်တမျိုးပြောင်းပစ်ကတ်ကေ ရခိုင်စာအရီးအသားသစ်တရပ် မဖြစ်လာတောင်မက စာပီပုံသဏ္ဍာန်ပင် ရုပ်ပျက်ဆင်းပျက်ဖြစ်လားပါဖို့။ ဥပမာပီးလို့ပြောရကေ “စစ်” ကို “စိုက်” ၊ “မြစ်”ကို “မြိုက်” ၊ “ဖြစ်”ကို “ဖြိုက်” ၊ “ချစ်” ကို “ချိုက်” ၊ “စွာ” ကို “စော်” ၊ “ရှာ” ကို “ဟြာ” လို့ ပြောင်းရီးစွာမျိုးတိပါ။ “စစ်” ဆိုရေ စကားလုံးမြင်စွာနန့် ရခိုင်သားရို့ရင်ထဲမှာ သွီးသံတရဲရဲမြင်ကွင်းကို ခံစားရပါရေ။ “စိုက်” လို့ ရီးလိုက်ကေ “အပင်စိုက်” စွာ “အိမ်တိုင်စိုက်” စွာပိုင် “ရပ်စောက်ထောင်” အောင် လုပ်တေ ခံစားချက်ကို ပီးပါရေ။ “မြစ်” ဆိုစွာလေ့ ရီတသွင်သွင်စီးနီရေ ကျယ်ပြန့်ရေ ရီပြင်ကို အားလုံးမြင်ယောင်စီပါရေ။ “မြိုက်” က ‘ပူလောင်မှု’ ဆိုရေ အဓိပ္ပါယ်တိပီးရေ မဟုတ်ပါလာ။ ယေဇှ စာလုံးသတ်ပုံတိကို ထင်ရေပိုင် ပြောင်းရီးကတ်ကေ အဓိပ္ပါယ် မျှလောက် လွဲလားဖို့လေးဆိုစွာ အားလုံးသတိပြုကတ်ဖို့ လိုအပ်ပါရေ။ ကျွန်တော့်အမြင်မှာ ကိုဦးသိန်းမောင်ရို့ပိုင် စာအုပ်စာစောင် အယ်ဒီတာတိစွာ ဒေပိုင် မဖြစ်ဖို့စွာကို အများကြီးထိမ်းသိမ်းပီးနိူင်ရေလို့ ထင်ပါရေ။ ကိုယ်ကိုယ်တိုင်လေ့ တည်မြဲပြီးသားသတ်ပုံတိကို မပြောင်းရေပိုင် ပြောင်းရီးလာရေ စာရီးသူတိကိုလေ့ မူချမှတ်ဗျာယ်ထိမ်းပီးလားကေ အများလက်ခံနိုင်ရေ ရခိုင်စာအရီးအသားသစ်တရပ်စွာ တဆတ်ဆတ် အသားကျလာပါဖို့။ ဒေကိစ္စနန့်ပတ်သက်လို့ ကျွန်တော် ဆောင်းပါးတိုချေတပုဒ်ရီးဖို့တောင် စိတ်ကူးထားပါရေ။ အချိန်ရလို့ ရီးဖြစ်ကေ ပို့ပီးလားပါမေ။

ခင်မင်မှုနန့်

အနီမောင်

***(စာလုံးပေါင်းသတ်ပုံတိကို အတတ်နိူင်ဆုံး အကောင်းဆုံးဖြစ်အောင် တည်းဖြတ်၊ ရီးသားလားပါမေ။ ကျေးဇူးတင်ပါရေ။)***

◆ ◆ ◆ ◆

“Introvert နှင့် Extrovert ဆောင်းပါးကို အားလုံးဖေါ်ပြပြီးရေခါ စာအုပ်အဖြစ်ထုတ်ကေကောင်းပါဖို့။ “တန်းမြှင့်ရေး သို့” ဆောင်းပါးတင်ပြပုံကောင်းရေ၊ အရီးအသားလည်းကောင်းရေ။ မောင်ခိုင်စော၏ ကဗျာ ကို အထူးခံစားမိရေ။ ကျော့ကြာညို (ရခိုင်သမီးပျို) ကဗျာတိကောင်းပါရေ။ နီတောက်ကြယ်၏ ဘာသာပြန်လက်ရာကောင်းပါရေ။ ကဗျာတပုဒ်ကိုခံစားကြည့်ခြင်းမှာ စာကျကျန်လိုက်တေထင်ပါရေ။ သတ်ပုံနန့်ပါက်သက်လို့ ပြောစရာတခုဟိပါရေ။ ဗမာတိရီးလေ့ဟိရေ “ကြွေးကြော်” ဆိုရေ စကားနန့် ရောထွီးပြီးကေ ရခိုင်တိကပါ “ကြွီးကြော်” လို့ လိုက်ရီးကတ်တေ။ အမှန်မှာ ‘ကျွီး’ ဆိုရေ စကားစွာ ငယ်သံပါအောင် အော်စွာကို ပြောရေစကားဖြစ်တေ။ “ကြော်ရေ” ဆိုစွာက ကာလသားချေတိ ပျော်လို့အော်ကတ်တေစွာကိုခေါ်ရေ။ ယေဇှ “ကျွီးကြော်” လို့ရီးမှရာ အဓိပ္ပါယ်ဟိပါဖို့”

ထွန်းလင်း

***(ကို မောင်ခိုင်စော၊ ကျော့ကြာညို (ရခိုင်သမီးပျို) နန့် နီတောက်ကြယ် ရို့ ဆက်လက် ကြိုးစားကတ်ဖို့စွာကို ယုံကြည်ဖြစ်ပါရေ။ စာလုံးပေါင်း သတ်ပုံတိကို တဆတ်ဆတ် ဆွေးနွေး၊ ပုံဖေါ် ရီးသား လားကတ်ပါမေ။ ကျေးဇူးတင်ပါရေ။)***

◆ ◆ ◆ ◆

“ဒေလ ကိုကျော်သိန်းခိုင် အတွို့အကြုံနန့် ကြွက်ချေ အတွို့အကြုံတိကို ကြိုက်တေ”

free4waddy

(AMP မှ တဆင့်)

***(ကို ကျော်သိန်းခိုင် ရေ အရီးအသားကောင်းရေ၊ တင်ပြပုံ ကျစ်လစ်တေ ရခိုင်စာရီးဆရာတယောက်ပါ။ ကျေးဇူးတင်ပါရေ။)***

◆ ◆ ◆ ◆

The Arakan International
နိုင်ငံတကာရေးရာ ရက္ခိုင်သတင်းစဉ်

**ရက္ခိုင့်လူ့အဖွဲ့အစည်း**
**အခြေပြုသတင်းစဉ်**
**ဖြစ်ပါသည်။**


**Editors Group**

**Oo Thein Maung**

**Lwon Pi**

**Ni Tauk Kray**

**ဆက်သွယ်ရန်လိပ်စာ**

1107 S Washington St.
Wheaton, IL 60189
U.S.A.


1-630-682-3616 (Home)
1-331-225-7720 (Cell)
theai2011@hotmail.com




တန်ဖိုး ၅ ဒေါ်လာ


# ချဒ် သမ္မတနိုင်ငံ

## (Republic of Chad)





ဆာဝို (Sao) နှင့်အခြား အာဖရိကန်ရှိဟောင်းအနွယ်ဝင်အချို့ရှိသည် ချဒ်ရီကန်ကြီး (Lake Chad) အနား တဝိုက်တွင်မြို့ပြလူနိန်မှုစနစ်ကို စတင်အခြေချ ထူထောင်ခကတ်ပါသည်။ အေဒီ ၁၄၀၀ ဝန်းကျင်တွင် ချဒ်နယ်မြေသည်မူဆလိန်ဆာဟာရယဉ်ကျေးမှုနှင့်အာဖရိကန်မိရိုးဖလာယဉ်ကျေးမှုနှစ်ခုရို့၏ဆုံချက်ဒေသဖြစ်လာ၏။ သက္ကရာဇ် ၁၅၀၀နှင့်၁၈၀၀ ကြားကာလများတွင်မှု ချဒ်ရီအိုင်ကြီး ဝန်းကျင်တခိုသည်ဥရောပကျွန်အရောင်းအဝယ်လုပ်စားသူများ၏ကျွန်ဖမ်းဆီးရာ စားကျက်မြေဖြစ်လာပြန်သည်။ ၁၈၉၁တွင်ပြင်သစ်တပ်များသည်အနောက်အာဖရိကဒေသမှတဆင့်ချဒ်နယ်မြေထဲသို့ဝင်ရောက်လာ၍အာရပ်များကိုအနိုင်ရပြီးနောက် ၁၉၀၅ ခုနှစ်တွင် ချဒ်ဆိုင်ရာပြင်သစ်အုပ်ချုပ်ရေးမှူးကို စတင်ခန့်အပ်သည်။ ၁၉၅၉ ခုနှစ်တွင် ချဒ်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတခုဖြစ်လာပြီး ၁၉၆၀တွင်မှု လုံးဝလွတ်လပ်သည့် နိုင်ငံတနိုင်ငံဖြစ်လာလတ်ပါသည်။ထိုနောက်အာဖရိကတိုက်မြောက်အလယ်ပိုင်းမှယင်းကုန်းတွင်းပိတ်နိုင်ငံ၏ခေတ်သစ်သမိုင်းသည်ကြိမ်ဖန်များစွာဖြစ်ပွါးသည့် ပြည်တွင်းစစ်များ၊ မတည်ငြိမ်မှုများဖြင့် ပြည့်နှက်နိန်ပေသည်။

**တရားဝင်အမည်။** ။ ချဒ်သမ္မတနိုင်ငံ။

**နိုင်ငံတည်ထောင်သည့်ခုနှစ်။** ။ ၁၉၆၀

**မြို့တော်။** ။အန်ဒီဂျာမေနာ(N' Djamena)

**လူဦးရေ။** ။၁၀.၅ သန်း (ဂျူလိုင်၊ ၂၀၁၀)

**လူဦးရေသိပ်တည်းမှုနှုန်း။** ။ ၁စတုရန်းမိုင်လျှင် ၁၈ ယောက် (၁ စတုရန်းခီလိုမီတာလျှင် ၇ ယောက်)။

**အကျယ်အဝန်း။** ။ ၄၉၅၇၅၂ စတုရန်းမိုင် ( ၁၂၈၄၀၀၀ စတုရန်းကီလိုမီတာ)။

**ပြောဆိုသည့်ဘာသာစကား။** ။ ပြင်သစ်၊ ဆာရာ၊ အာရေဗျ၊ မာဘာ။

**ကိုးကွယ်သည့်ဘာသာ။** ။ မူဆလိန် ၅၅ ရာနှုန်း၊ မိရိုးဖလာကိုးကွယ်ယုံကြည်မှု ၂၅ ရာနှုန်း၊ ခရိယံ ၁၀ ရာနှုန်း။

**နိန်ထိုင်သည့်လူမျိုးများ။** ။ နိုမာ့ (တူရက်နှင့်တူဘူ) ၃၈ ရာနှုန်း၊ ဆာရာ ၃၀ ရာနှုန်း၊ အခြား ၁၇ ရာနှုန်း၊ အာရပ် ၁၅ ရာနှုန်း။

**အစိုးရ။** ။ ပြည်သူ့လွှတ်တော်စံနစ်။

**ငွေကြေးယူနိ။** ။ ၁ စီအက်ဖ်အေဖရန့်လျှင် ၁၀၀ စိန်တီမေ။

**စာတတ်မြောက်မှုနှုန်း။** ။ နိုင်ငံလူဦးရေ၏ ၄၆ ရာနှုန်း။

**ခယ်လိုရီစားသုံးမှု။** ။ ၂၂၄၅ ခယ်လိုရီ။

**ကမ္ဘာ့နိုင်ငံများ**
**မိတ်ဆက်ကဏ္ဍ**

ရောက်ဟိလာသော စာမူများအနက်မှ လာမည့်
**‘နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်’**
တွင် ဖေါ်ပြရန်အတွက်

**ကျော်သိန်းခိုင်** ၏ **“ပညာလူ့အဖွဲ့အစည်းသို့”**နှင့် **နီတောက်ကြယ်** ၏ **“သေနတ်တိနန့်တေထား မြို့ဆိုမာလီးယား”** ဆောင်းပါးများကို ရွီးချယ်ထားဟိပါသည်။

ကျေးဇူးတင်ပါသည်။ (အေဒီတာအဖွဲ့)

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| လှိုင်း | ၁ |
| အေဒီတာ့စကား | ၂ |
| ကေစာသမားများနှင့် ဘွင်းဘွင်းပျော်ပျော်များ (၄) | ၃ |
| အကျွန်ရို့ ရခိုင်အမျိုးသား ပညာသျှင်ဆရာကြီး ပါမောက္ခ ဒေါက်တာကျော်နှင့် ရွှာမသားကျော် ရခိုင်အစစ်ဆုံးဖြစ်စဉ်အပေါ် ရင်ထဲကခံစားချက် အပိုင်းအစများ (အသျှင်ခေမာစာရ – ရဟန်းပျို့သမဂ္ဂ) | ၈ |
| နာမကျန်းမှုဒိုင်ယာရီ (မောင်ခိုင်စော)၊ အကြောင်းကံ (ကျော့ကြာညို—ရခိုင်သမီးပျို)၊ အမှာစကားတခွန်းချေ (ဖြူ—ချီကာဂို) (ကဗျာများ) | ၁၀/၁၁ |
| ပညာဟိ (ကျော်သိန်းခိုင်) | ၁၂ |
| ပီးစာများ/မှတ်ချက်များ | ၁၄ |
| နိုင်ငံရေးဆိုင်ရာ အိဂ်လိချ်ဝေါဟာရများ | ၁၅ |
| ချဒ်သမ္မတနိုင်ငံ | ၁၆ |



www.arakaninternational.com

အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ်ထုတ်ဝီသည်။